# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၁)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

**ချစ်ခြင်းတရား နှောင်ကြိုးမှသည် ခိုင်မာအားကောင်းမှု အရပ်ရပ်ဆီ**

ဆောင်းပါး စာ ၆



**အကြမ်းဖက်အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ် အေးချမ်းလာသည့် နွားထိုးကြီးမြို့နယ်**

ဆောင်းပါး စာ ၁၀

## ထန်းတပင်မြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲနှင့် ပဲတီစိမ်း ဧက ၆၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံစုံ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ထန်းတပင်(ပဲခူး) နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ပြည်တွင်းစားရေရိက္ခာဖူလုံပြည့်စုံစေရန်အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲနှင့်ပဲတီစိမ်း ၆၀၀၆၄ ဧက၊ ဆီထွက်သီးနှံစုံ ၁၆၀၈၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၄၁၇၂၉ ဧက၊ ပဲတီစိမ်း ၁၈၃၃၅ ဧက စုစုပေါင်း ၆၀၀၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ ဧက ၁၁၀၀၀၊ နှမ်း ဧက ၁၅၇၀၊ နေကြာ ၃၅၁၄ ဧကနှင့် ပန်းနှမ်း ၃၁ ဧက စုစုပေါင်း ၁၆၁၁၅ ဧက စိုက်ပျိုးပြီးဖြစ်၍ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသခံတောင်သူများစိုက်ပျိုးထားရှိသည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ စိုက်ကွေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် သီးနှံများ ပိုးမွှားရောဂါကျရောက်မှုကာကွယ်ရေး စသည့်တောင်သူပညာပေးလုပ်ငန်းများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ခံကွင်းဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်အောင်(ပြန်/ဆက်)



## မုဒုံမြို့နယ်၌ ရော်ဘာပင်ကြား ကိုကိုး ကော်ဖီသီးနှံ ရောနှောစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

မုဒုံ နိုဝင်ဘာ ၂၉

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရော်ဘာတောင်သူများ ဝင်ငွေတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ရော်ဘာပင်ကြား ကိုကိုး ကော်ဖီသီးနှံရောနှောစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၆ ရက်က နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)၌ ပြုလုပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၉-၁၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | -၀.၅ | ၃၁.၁ |
| လွိုင်လင်မြို့ | ၁.၀ | ၃၃.၈ |
| ဟဲဟိုးမြို့ | ၂.၄ | ၃၆.၃ |
| ဟားခါးမြို့ | ၃.၅ | ၃၈.၃ |
| ပင်လောင်းမြို့ | ၃.၈ | ၃၈.၈ |
| လားရှိုးမြို့ | ၅.၀ | ၄၁.၀ |
| လွိုင်ကော်မြို့ | ၅.၁ | ၄၁.၂ |
| မိုင်းယန်းမြို့ | ၅.၅ | ၄၁.၉ |
| တောင်ကြီးမြို့ | ၅.၈ | ၄၂.၄ |

# ပွင့်လင်းခြောက်သွေ့ရာသီကာလ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချ

မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ကမ္ဘာ့နိုင်ငံအများအပြားတို့ ရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး လူ၊ သစ်ပင်နှင့် သားငှက်တိရစ္ဆာန်များအပေါ် အန္တရာယ်ကျရောက်စေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများက အလေးထားကာကွယ်တားဆီးလျက်ရှိသည်။ မီးခိုးမြူငွေ့များသည် လေတိုက်ခတ်မှုကြောင့် ဒေသတစ်ခုမှတစ်ခုသို့၊ နိုင်ငံတစ်ခုမှတစ်ခုသို့ လွယ်ကူစွာ ပျံ့နှံ့ရောက်ရှိစေနိုင်ပြီး ဆိုးရွားသည့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ အိမ်နီးချင်းနိုင်ငံများအချင်းချင်း နယ်စပ်ဖြတ်ကျော်၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်စေနိုင်သည်။

မိုးရာသီကုန်ဆုံးပြီးသည့် ပွင့်လင်းခြောက်သွေ့သည့်ကာလတွင် တောမီးလောင်ကျွမ်းခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် အခြားမီးလောင်ကျွမ်းမှုများကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်ပွားစေသည်။ မီးခိုးမြူငွေ့ဆိုသည်မှာ လေထုအတွင်း ဖုန်များ၊ ရေခိုးရေငွေ့များ၊ အမှုန်အမွှားများ၊ အငွေ့ပြန်စေသည့်အရာများနှင့် ဓာတ်ငွေ့များ ရောနှောပေါင်းစပ်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ မီးခိုးမြူငွေ့တွင် အလွန်သေးငယ်သည့်အမှုန်အမွှားများ (Particulate Matter (PM 2.5, PM 10))၊ ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)၊ ကာဗွန်မိုနောက်ဆိုက်(CO)၊ နိုက်ထရိုဂျင်အောက်ဆိုက်($NO_2$)၊ ဆာလ်ဖာဒိုင်အောက်ဆိုက်($SO_2$)၊ မြေပြင်အနီးရှိ အိုဇုန်း(Ground Level $O_3$) နှင့် အခြားအဆိပ်ဓာတ်ငွေ့များ ပါဝင်နေသည်။

မီးခိုးမြူငွေ့သည် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေပြီး ရာသီဥတုပြောင်းလဲမှုအပေါ်တွင်လည်း အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည်။ မီးခိုးမြူငွေ့တွင်ပါဝင်သည့် အမှုန်အမွှားများ(PM 2.5) သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လူ့သွေးကြောများထဲအထိ ရောက်ရှိနိုင်သည်။ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုသည့်ဝေဒနာ၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါ၊ အသည်းကင်ဆာနှင့် အခြားကင်ဆာများ၊ အရေပြားယားယံခြင်း၊ မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ အာရုံကြောထိခိုက်ပျက်စီးခြင်း၊ ဉာဏ်ရည်ချို့ယွင်းခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနှင့် အသက်သေဆုံးခြင်းတို့ ဖြစ်နိုင်သည်အထိ အန္တရာယ်ကြီးသည်။

မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်သည့်အခါ လူ၊ သားငှက်တိရစ္ဆာန်များ ရှင်သန်နေထိုင်ရန် ခက်ခဲခြင်းကြောင့် ကျောင်းများ၊ ရုံးများ၊ ဈေးများ၊ ဆိုင်များ ပိတ်ထားကြရပြီး နေအိမ်များအတွင်း၌သာ နေထိုင်ကြရသည်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ ထိခိုက်ကြရသည်။ တောမီးကြောင့် အပင်နှင့်တောရိုင်းတိရစ္ဆာန်များ ဆုံးရှုံးရပြီး ၎င်းတို့၏နေရင်းဒေသများ ပျောက်ဆုံးရသကဲ့သို့ ဇီဝမျိုးစုံ မျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ကာ ဂေဟစနစ်ကို ပျက်စီးစေသည်။

မြန်မာနိုင်ငံတွင် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့များသည် နိုဝင်ဘာလတွင် စတင်ဖြစ်ပေါ်လေ့ရှိပြီး ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတို့တွင် အများဆုံးဖြစ်ပွားလေ့ရှိသည်။ အဓိကအကြောင်းရင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော အမှိုက်များ၊ ရိုးပြတ်များ၊ စပါးခွံများကို မီးရှို့ဖျက်ဆီးခြင်း၊ တောင်ယာစိုက်ပျိုးရန် တောမီးရှို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုများသည် မီးခိုးမြူငွေ့များကို အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော် ရောက်ရှိနိုင်ခြင်းကြောင့် မီးရှို့ခြင်းများကို ရှောင်ကြဉ်ကြရန်လိုသည်။ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံဖြစ်ရာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု မဖြစ်စေရန် ထိန်းချုပ်ရမည့် တာဝန်ရှိသည်။

သို့ဖြစ်ရာ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် တောင်ယာတောမီးရှို့ခြင်း၊ စိုက်ပျိုးရေးအမှိုက်များနှင့် ရိုးပြတ်များ မီးရှို့ခြင်း၊ တောမီးရှို့ခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ မြို့ပြဒေသများတွင် အမှိုက်များမီးရှို့ခြင်းမပြုဘဲ စနစ်တကျစွန့်ပစ်ကြရန်လိုသည်။ မီးခိုးမြူငွေ့အန္တရာယ်ကို လူတိုင်းသိရှိကြရန်လိုပြီး မီးခိုးမြူငွေ့လျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။




## ၂၉ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၉၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ညအပူချိန်များ လျော့နည်းနေမည်

နေပြည်တော် နိုဝင်ဘာ ၂၉

နိုဝင်ဘာ ၃၀ ရက်တွင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၁၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၉၀ | ၂၈၀၅ | ၂၅၇၀ | ၂၅၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၅၈၀ | ၄၅၀၅ | ၂၈၅၅ | ၂၅၀၀ | ၂၇၂၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၃၅ | ၂၈၉၅ |
| 95 Ron | ၂၅၇၀ | ၂၈၈၅ | ၂၈၅၀ | ၂၅၈၅ | ၂၈၉၀ | ၂၇၀၅ | ၂၇၂၀ | ၂၈၄၀ | ၄၅၈၀ | ၂၉၃၅ | ၂၈၅၅ | ၂၈၀၀ | ၂၇၃၀ | ၂၈၉၅ | ၂၇၃၅ | ၂၉၇၀ |
| HSD (500 ppm) | ၂၅၃၅ | ၂၈၃၀ | ၂၅၉၅ | ၂၅၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၅၈၅ | - | ၂၈၀၀ | ၂၈၀၅ | ၃၀၀၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၂၉၂၀ |
| HSD (50 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၀၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | ၄၈၃၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |
| HSD (10 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၀၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | - | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၁၅ |
| 95 Ron | ၂၄၁၁ | ၂၄၉၂ |
| HSD (500 ppm) | ၂၃၅၉ | ၂၄၃၆ |
| HSD (50 ppm) | ၂၈၅၈ | ၂၉၄၄ |
| HSD (10 ppm) | ၂၈၅၈ | ၂၉၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်နှင့် ဒလမြို့တို့ကို ဆက်သွယ်ထားသည့် မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့ နှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသော မြန်မာ – ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတားဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ပင်မတံတား၌ Cable ကြိုးတွင် ကြိုးထိန်းဒဏ်ခံကိရိယာများ တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဒလဘက်ကမ်းချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရန်ကုန်ဘက်ကမ်းရှိ Ramp B နှင့် Ramp A တို့ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တံတားလက်ရန်းများ ဆောင်ရွက်နေသည့်အခြေအနေများ၊ တံတားအောက်ရှိ လမ်းနှင့်ရေမြောင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တံတားစီမံကိန်းဆိုင်ရာအချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး အဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ရမည့်အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ချဉ်းကပ်တံတားများနှင့် ပင်မတံတားပေါ်တွင် ကတ္တရာကွန်ကရစ်(AC) ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေ၊ လမ်းညွှန်အမှတ်အသားများဆောင်ရွက်မည့်အခြေအနေ ၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ်က ဒလဘက်ခြမ်းတွင် Toll Plaza နှင့် Administrative Office တည်ဆောက်နေမှုအခြေအနေ၊ ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးနှင့် ငွေကောက်ခံမှုစနစ်ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တံတားအတက် / အဆင်းနှင့် တံတားပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်လမ်းကြောင်းပြ လမ်းညွှန်အမှတ်အသားများ၊ Road Sign များ တပ်ဆင်ခြင်းနှင့် ဆေးလိုင်းများရေးဆွဲရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊ ယာဉ်ကြောပေါင်းဆက်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းစဉ်များအလိုက် လျာထားသတ်မှတ်ချိန်ထက် ဆောလျင်စွာပြီးစီးရေး အလေးထားဆောင်ရွက်ရန် ၊ သံမဏိ ကြိုးထိန်းတိုင် (Pylon) များတွင် လေကြောင်းအချက်ပြမီးများနှင့် မိုးကြိုးလွှဲများ တပ်ဆင်ရန်၊ ညအချိန် သင်္ဘောများ အန္တရာယ်ကင်းရှင်းအောင်သွားလာနိုင်ရန်အတွက် ရေကြောင်းလမ်းပြမီးများကို သတ်မှတ်ချက်အတိုင်း တပ်ဆင်ဆောင်ရွက်ရန်၊ ဒလမြို့ ရေချိုရရှိစေရေးအတွက် တံတား၏ တစ်ဖက်တစ်ချက်တွင် ထည့်သွင်းဆောင်ရွက်နေသော အချင်း ၀ ဒသမ ၅ မီတာရှိသော ရေပိုက်နှစ်လုံးသွယ်တန်းပေးခြင်းအား စနစ်တကျဆောင်ရွက်ပေးရန်၊ တံတား၏ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံနှုန်းအတိုင်း ကိုက်ညီအောင်ကြပ်မတ်ဆောင်ရွက်ရန်နှင့် တံတားတိုင် (Pier) များ ရေယာဉ်များကြောင့် ထိခိုက်ပျက်စီးမှုမှ ကြိုတင်ကာကွယ်ရန်၊ ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းခုတ်မောင်းနိုင်သော တံတားအမြင့်များသည် နိုင်ငံတကာတွင် အများအပြားအသုံးပြုလျက်ရှိသော်လည်း မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး(ဒလ)တံတားသည် ပင်လယ်ကူးသင်္ဘောများ ဖြတ်ကူးသည့် မြန်မာနိုင်ငံ၏ ပထမဆုံးတံတားအမြင့်ဖြစ်ပြီး တံတားအချို့နေရာများတွင် လမ်းအနိမ့်အမြင့် Gradient မတ်စောက်သောကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခွင့်ပြုမည့်ယာဉ်အမျိုးအစားကန့်သတ်ခြင်း၊ မောင်းနှင်ခွင့်ပြုသည့် အရှိန်နှုန်းအားကန့်သတ်ခြင်းနှင့် အရှိန်ထိန်းစနစ် speed Bump များ ထည့်သွင်းဆောင်ရွက်ခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဖြင့် ဆွေးနွေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယာဉ်နှင့် ယာဉ်မောင်းသူတို့၏ အားနည်းချက်ကြောင့် အန္တရာယ်မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် လိုအပ်သော စည်းမျဉ်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်းတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၏ ရန်ကုန်ဘက်ခြမ်းရှိ ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတားတစ်ဖက်တစ်ချက်တွင် ပတ်ဝန်းကျင်လူနေအိမ်ရာများအတွက် မော်တော်ယာဉ်သွားလာမှုကြောင့် ဆူညံသံများ အနှောင့်အယှက်မဖြစ်စေရေး အသံထိန်းနံရံများ (Noise Barrier) တပ်ဆင်ပြီးစီးမှု အခြေအနေ၊ ချဉ်းကပ်တံတားများပေါ်တွင် ကတ္တရာကွန်ကရစ်(AC) ခင်းပြီးမှုအခြေအနေ၊ ပင်မတံတားပေါ်တွင် Barrier များတည်ဆောက်နေမှု၊ ရေလုံဆေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လက်ရန်းများတပ်ဆင်နေမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဒလဘက်ကမ်းတွင် ဆောင်ရွက်နေသော တံတားအသုံးပြုခကောက်ခံရေးစခန်း Toll Plaza နှင့် Administrative Office တည်ဆောက်နေမှုအခြေအနေနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေး အဆောက်အအုံတည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကြီးသည် မကြာမီပြီးစီးတော့မည်ဖြစ်၍ ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် အချောသပ်လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော Consultant အဖွဲ့မှ အင်ဂျင်နီယာပညာရှင်များဖြင့် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

ရော်ဘာပင် လိုင်းတန်းများအတွင်း အခြားသီးနှံများအား ရောနှောစိုက်ပျိုးထားခြင်းဖြင့် ရော်ဘာဈေးနှုန်း ကျဆင်းချိန်တွင် အခြားသီးနှံမှ ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြားသီးနှံမှ ဝင်ငွေရရှိရန် ရော်ဘာပင်ကို (၁၂ပေx၆ပေx၆ပေ၆၀) အကွာအဝေးဖြင့် စိုက်ပျိုးပြီး ပေ ၆၀ ကြားတွင် အခြားသီးနှံများ စိုက်ပျိုးသည့် စမ်းသပ်ချက်ကို ၂၀၁၇ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ကြောင်း၊ အဆိုပါစနစ်သည် လေဝင်လေထွက်ကောင်းမွန်ပြီး အလင်းရောင်ကောင်းစွာ ရရှိခြင်းကြောင့် ဖြစ်ထွန်းအောင်မြင်သည်ကို တွေ့ရှိရကြောင်း၊ လူမှုစီးပွားဘဝတိုးတက်စေရန် နည်းပညာ၊ သွင်းအားစုနှင့် စိုက်စနစ်တို့ဖြင့် ပြုပြင်ပြောင်းလဲနိုင်သောမျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း၊ စီးပွားဖြစ် သီးနှံရောနှောစိုက်ခင်းတည်ထောင်ရန်အတွက် ရေအလွယ်တကူရရှိရန်လိုအပ်ပြီး လိုအပ်သောနည်းပညာများကို ဌာနနှင့် ပူးပေါင်းဆွေးနွေး၍ တောင်သူ၊ ခြံရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းရှာဖွေဖော်ထုတ်ပါက ရေရှည်အတွက် ခိုင်မာသောနည်းပညာများ ရရှိမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးအောင်က ပြောကြားသည်။

ထို့နောက် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) ခြံတာဝန်ခံ ဦးမောင်မောင်မြင့်က ကွင်းသရုပ်ပြပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ ရော်ဘာပင်ကြားတွင် ကိုကိုး ကော်ဖီသီးနှံရောနှောစိုက်ပျိုးခြင်းဖြင့်ရရှိသော အကျိုးအမြတ်များနှင့် သတိထားရမည့်အချက်များကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသည့် ရော်ဘာခြံရှင်များက သိရှိလိုသည်များကိုမေးမြန်း၍ ရော်ဘာပင်ကြားတွင် ကိုကိုး ကော်ဖီသီးနှံရောနှောစိုက်ပျိုးထားသည့်စိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရာမည**

**(ပြန်/ဆက်)**

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရရှိတော်မူသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်၏ ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ အဘိဓဇမဟာရဋ္ဌ ဂုရုဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာဝိသိဋ္ဌပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါးနှင့် တပည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည် ကြသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ၏ ထေရုပ္ပတ္တိအကျဉ်းကို ကိုရီးယား သာသနာပြုဆရာတော် ဘဒ္ဒန္တဝိစိတ္တ(မနာပဒါယီ) ကလည်းကောင်း၊ ထုတ္တိဝဏ္ဏနာဂါထာကို မြိတ်မြို့ အောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မဝံသ ကလည်းကောင်း ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် ဒုတိယဝန်ကြီး ဦးအေးထွန်းတို့က သာသနာရေး ဆိုင်ရာများ လျှောက်ထားကြသည်။

ဆက်လက်၍ သဘင်အနုပညာရှင် မန္တလေးသိန်း ဇော်နှင့် တေးသံရှင်ရွှန်းလဲ့အောင်တို့က အဘိဓဇဂုဏာ ဝိသိဋ္ဌပူဇာ ၈၀ ပေါ်တေးထပ်နှင့် မင်္ဂလာရတုပိုဒ်စုံ တို့ဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် အပူဇော်ခံဆရာတော်ဘုရားကြီးနှင့် တကွ ဆရာတော်သံဃာတော် အရှင်မြတ်တို့ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသ ကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက



လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂါအဘိဓဇပါမောက္ခချုပ် ကျောင်းတော်တည်ဆောက်ရန်နှင့် ဆရာတော်ကြီး သာသနာပြုလုပ်ငန်းအသုံးပြုရန် မော်တော်ယာဉ် တစ်စီးနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အတွက်ဆွမ်းပဒေသာပင်အလှူငွေတို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ဩဝါဒပရိသတ်များ က အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကြည့်ရှုအားပေး ရှေးဟောင်းအဆောက်အဦ စိစစ်ဖော်ထုတ်ရေးကော်မတီ အစည်းအဝေးတက်ရောက်

**မော်လမြိုင် နိုဝင်ဘာ ၂၉**

မွန်ပြည်နယ်အတွင်း သန့်ရှင်း သာယာလှပသော အခြေခံကျောင်း များ ဖော်ဆောင်၍ ကျောင်းသူ ကျောင်းသားများ စိတ်အေး ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး အတွက် အလေးထားဆောင်ရွက် လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ကြည်သိန်းနှင့်



တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၃) အခြေခံပညာအထက် တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာ များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူ များက ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် အဆိုပါကျောင်း ဝင်းအတွင်း ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံ ပင်မ ဆောင်ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မွန်ပြည်နယ် အတွင်းရှိ ရှေးဟောင်းအဆောက် အအုံများကို စိစစ်ဖော်ထုတ် မှတ်တမ်း တင်နိုင်ရန်အတွက် ရှေးဟောင်းအဆောက်အဦ စိစစ် ဖော်ထုတ်ရေးကော်မတီ အစည်း အဝေးကို မော်လမြိုင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်း ကျောင်း ပင်မဆောင်၌ ကျင်းပ ပြုလုပ်ရာ(ဝဲပုံ) ရှေးဟောင်းသုတေ သနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာန(မော်လမြိုင်ဌာနခွဲ) တာဝန်ခံ က မွန်ပြည်နယ်အတွင်းရှိ နှစ်ပေါင်း ၁၀၀ အထက်ရှိ ရှေးဟောင်း အဆောက်အအုံများတွင် ပါဝင်သည့် သာသနာဆိုင်ရာ အဆောက်အအုံ များ၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့ပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ် ဘာသာရေး အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် က ရှေးဟောင်းအဆောက်အအုံ များ ပျက်စီးယိုယွင်းမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက် ကြရန်၊ ပြုပြင်ထိန်းသိမ်းမှုများတွင် ရှေးမူလပုံစံမပျက် ထိန်းသိမ်း ဆောင်ရွက်ကြစေရန် မှာကြားကာ ရှေးဟောင်းအဆောက်အအုံများ ကို စိစစ်ဖော်ထုတ် မှတ်တမ်း တင်နိုင်ရန်အတွက် အကြံပြု ဆွေးနွေးကြပြီး လိုအပ်သည်များ ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင် ဖျက်သိမ်းပြီးသောရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များအား ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်အား ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များအား မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများတွင် (၁-၁၂-၂၀၂၅) ရက်မှ (၃၁-၃-၂၀၂၆) ရက်အထိ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား www.motc.gov.mm,www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**




အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဘယ်လာရုစ်သမ္မတနိုင်ငံမှ ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ဈေးအတွင်း ကြည့်ရှုလေ့လာကာ ညပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ စက်မှုဝန်ကြီး H. E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဆိုင်ရာ ဝန်ကြီး H.E. Mr. Yury HORLAU ၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ နိုင်ခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဌေးအောင်၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင် အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင်ဧည့်ခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးရာ ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ပုံတော်နှင့် မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးများ၊ နိုင်ငံပိုင် အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရှိသာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင် အောင်မြေနေရာ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးတွင် ခေါင်းလောင်းထိုး၍ မေတ္တာပို့ဆုတောင်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်းခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ကျောက်စိမ်း၊ ပန်းပုနှင့်လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ငွေချည်ထိုးလက်ရာ ပစ္စည်းများ၊ ပန်းချီ၊ ပန်းပု ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကာ ဝယ်ယူအားပေးကြသည်။



ထို့နောက်ဘယ်လာရုစ်သမ္မတနိုင်ငံမှနိုင်ငံခြားရေးဝန်ကြီး၊ စက်မှုဝန်ကြီး H.E. Mr. Andrei KUZNIATSOU ၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဆိုင်ရာဝန်ကြီးH.E. Mr. Yury HORLAU ၊ ကျန်းမာရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ည၇နာရီတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင် အသေးစားစက်မှု လုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့် ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား လေဆိပ်ဧည့်ခန်းမ၌ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ် ရန်ကုန်မြို့အတွင်း ဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် လူထုအတွင်း ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အင်းစိန်မြို့နယ်ကြက်ခြေနီအသင်းခွဲ ၂၀၂၅ ခုနှစ် လူထုအတွင်း ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း (၁/၂၀၂၅)မှ (၂၃/၂၀၂၅)အထိ သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အင်းစိန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ ကြက်ခြေနီတပ်ဖွဲ့ဝင်များက "စေတနာလုပ်အားရှင်"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စည်းကမ်းနှင့်အညီ တိုးတက်အောင် ကြိုးစားရန်၊ နည်းမှန်လမ်းမှန် လေ့လာရန်၊ စာနာစိတ်ဖြင့် ဆောင်ရွက်ရန်၊ မိသားစု၊ ရပ်ကွက်နှင့်နိုင်ငံအတွက် အဖိုးတန် ရတနာဖြစ်ကြရန်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအနေဖြင့်လည်း နိုင်ငံ၏ အားထားရာ လူရည်ချွန် လူရည်မွန်များကို ခေတ်နှင့်အညီ ပညာရပ်များ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးနိုင်စေရန်တို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်း ပထမဆုရရှိသည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အရေးပေါ်လူနာတင်ယာဉ် နှစ်စီးကို အင်းစိန်မြို့နယ်နှင့် လှည်းကူးမြို့နယ် ကြက်ခြေနီအသင်းခွဲ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်၍ အရေးပေါ်လူနာတင်ယာဉ် နှစ်စီးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၆၉ ဦးနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ဆုများနှင့် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ အခွန်ပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ခန်းမ၌ ပြုလုပ်သည်။



အဆိုပါ ဆွေးနွေးပွဲ အခမ်းအနားသို့ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ (မြို့နယ်အခွန် ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ) ဦးထွန်းထွန်းလင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြို့နယ်အတွင်းရှိ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကိုရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်း ကွင်းဆင်းကောက်ယူ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာ ပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မဲစာရင်းပါ မပါအား သိရှိနိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း ရပ်ကွက်များအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကော်မတီအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ချစ်ခြင်းတရားနှောင်ကြိုးမှသည် ခိုင်မာအားကောင်းမှု အရပ်ရပ်ဆီ

မိုးကေနိုင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဖျော်ဖြေရေးအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (၂၈-၁၁-၂၀၂၅)

ယနေ့ Multipolar, Multilateral ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ မိတ်ဆွေဖြစ်ရန် ကြိုးစားလာကြသည်။ ယခုလိုကာလမျိုး ပဋိပက္ခ၊ သဘာဝဘေး၊ ရောဂါမျိုးစုံ ဘေးဒုက္ခအစုံနှင့် ပြည့်နေသည့် ကမ္ဘာကြီးမှာ ရန်ဘက်အသွင်ပြောင်းနိုင်ငံများအကြား နိုင်ငံတကာ မိတ်ဖက်အသိုက်အဝန်းတစ်ခု ဖန်တီးဖို့ဆိုသည်မှာ ခက်ခက်ခဲခဲကြိုးပမ်းမှ ရလာနိုင်သည့် အခြေအနေမျိုးဖြစ်သည်။ အကျိုးစီးပွားပဓာန နိုင်ငံများ၊ အတ္တကြီးမား ခေါင်းဆောင်များကြောင့် စိန်ခေါ်မှုများ ရှိမြဲရှိနေငြား မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများက အရှိန်တစ်ခုမှာ ခပ်သွက်သွက်ဖြစ်လာသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် မိသားစုပမာ၊ ညီအစ်ကိုရင်းပမာ ညီညွတ်သောမဟာမိတ်အသွင် ပို၍ ထင်ရှားလာနေသည်။

**အပြုသဘောမှန်သမျှ**
**အပေါင်းလက္ခဏာ ဆောင်ပါသည်**

ယခုလိုအခြေအနေမျိုးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အရှေ့ဥရောပ ကုန်းတွင်းပိတ် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု၊ အစိုးရနှင့် ပြည်သူအချင်းချင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုဆိုသည်က နှစ်နိုင်ငံအကျိုးစီးပွားအတွက်သာမက ဒေသတွင်း အကျိုးစီးပွားမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးအထိ သက်ရောက်မှုရှိသည်ဆိုလျှင် ငြင်းပယ်ရန်အကြောင်းမရှိပါ။ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှက အပေါင်းလက္ခဏာဆောင်ခဲ့သည်ချည်းဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ၂၇-၁၁-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတကြီး အလက်ဇန္ဒား လူကာရှန်ကို၏ ခရီးစဉ်ကိုပင် ကြည့်ပါ။ ပြည်သူနှစ်ရပ်လုံးနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဘယ်လိုဖြစ်ထွန်းနိုင်ပါသလဲ သက်သေပြရာ ရောက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း ကူညီရာရောက်သည်ဟု သုံးသပ်နိုင်ပါသည်။ ယခု ဘယ်လာရုစ်သမ္မတကြီး၏ ခရီးစဉ်ကြောင့် နှစ်နိုင်ငံခေါင်းဆောင်များ၊ ပြည်သူများအကြား ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုအနှစ်က တိုး၍ပင် ခိုင်မြဲသွားသည်ကို တွေ့လိုက်ရသည်။

**ရိုးသားမှု၊ မျှတမှုနှင့် မေတ္တာတရားအပေါ်**
**အခြေခံသည့် အပြန်အလှန်အသိအမှတ်ပြုမှု**

အသက်အရွယ်အားဖြင့် ၇၁ နှစ်ရှိပြီဖြစ်သော ဘယ်လာရုစ်သမ္မတကြီးသည် သမိုင်းဘာသာရပ်နှင့် ဘွဲ့ရရှိခဲ့ပြီး စိုက်ပျိုးရေး၊ စီးပွားရေး၊ စစ်ဘက်၊ နိုင်ငံရေးဘက်၊ စီမံခန့်ခွဲရေးနယ်ပယ်မျိုးစုံမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်းဖြစ်သည်။ ၁၉၉၄ ခုနှစ်မှ ယခုအချိန်အထိ ၇ ဆက်မြောက် သမ္မတတာဝန်ထမ်းဆောင်နေသည့် ဘယ်လာရုစ်ပြည်သူတို့၏ ခေါင်းဆောင်ကြီးတွင် မှတ်သားလောက်သည့် ဆိုရိုးစကားများစွာ ရှိသည်ကို လေ့လာဖူးပါသည်။ နိုင်ငံရေးနယ်ပယ်တွင် မျှတမှုနှင့် ရိုးသားမှုမရှိလျှင် ဘယ်တော့မှ အောင်မြင်မှုရမည်မဟုတ်ဟူသော အခြေခံသဘောတရားမှာ မှတ်သားလောက်သည်။ သူ့နိုင်ငံနှင့် နိုင်ငံသားတွေအတွက် အဂတိတရားကင်းစွာဖြင့် သူ့နောက်ဆုံးထွက်သက်အထိ အလုပ်အကျွေးပြုမည့်သူ၏ သန္နိဋ္ဌာန်မှာ ရိုးသားမှုဂုဏ်နှင့် မျှတမှုအပေါ်တွင် မည်မျှအခြေခံနေကြောင်း ပေါ်လွင်နေသည်။

ထို့ကြောင့်လည်း ယခုနှစ် မတ်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံတော်အကြီးအကဲက နိုင်ငံ၏ ဂုဏ်ထူးဆောင်ဘွဲ့တစ်မျိုးဖြစ်သည့် "အဂ္ဂမဟာသရေစည်သူဘွဲ့"ကို သမ္မတ လူကာရှန်ကိုအား ဂုဏ်ပြုအပ်နှင်းခဲ့သည်ကို ပြန်လည်အမှတ်ရမိသည်။ အပြန်အလှန်အသိအမှတ်ပြုမှုများက အမှန်တကယ် ထိရောက်မှုရှိခဲ့ပါသည်။ မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေလျှင်ဘေးကြီးတွင် ဘယ်လာရုစ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုအကူအညီများ လျင်လျင်မြန်မြန် ထိထိရောက်ရောက် ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက များစွာကျေးဇူးတင်ခဲ့ရသည်။ ထို့ပြင် ပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ဘယ်လာရုစ်နိုင်ငံက လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့ပြီး ရွေးကောက်ပွဲ အကဲခတ်အဖွဲ့များကိုပင် စေလွှတ်မည့် အစီအစဉ်များ တွေ့ရသည်။

ကမ္ဘာကြီးက ယခုအချိန်အခါ ငြိမ်းချမ်းသော အနေအထားတွင် ရှိမနေပါ။ တိုးတက်မှုက အားနည်းနေသည်၊ ဒီကြားထဲ အမုန်းကနေ အမုန်းမျိုးစေ့တွေ ချနေသမျှ ဘယ်လိုမှ ခရီးမရောက်နိုင်ဆိုသည်ကို နှစ်နိုင်ငံခေါင်းဆောင်များ သိထားကြသည်။ နှစ်နိုင်ငံပြည်သူအားလုံး နားလည်ထားသည်က မေတ္တာသည်သာ အခရာပါ။ တစ်ဦးမေတ္တာတစ်ဦးမျှ၍ အနေဝေးသော်လည်း နှလုံးသားချင်း နီးစပ်အောင် လုပ်နိုင်ရမည်ဟု ခံယူထားကြသည်။ ခံယူထားသည့်အတိုင်းလည်း ခရီးရောက်နေကြပါပြီ။ ယုံကြည်မှုများ တိုးလာခြင်း၊ နားလည်မှုများ ရှိလာခဲ့ခြင်းကပင် ခရီးရောက်မှုတစ်ခုပင် ဖြစ်သည်။

**လမ်းပြမြေပုံအတိုင်း သွားကြရန်ဖြစ်သည်**

၁၉၉၉ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြပြီး ၂၀၁၁ ခုနှစ်တွင် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ၂၀၁၅ ခုနှစ်တွင် ထိုစဉ်က မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် ရှိခဲ့ကြဖူးပါသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများလည်း အပြန်အလှန် ခရီးစဉ်များ ရှိခဲ့ကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ်အတွင်း ဇွန်လနှင့် အောက်တိုဘာလတို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံခရီးစဉ် နှစ်ကြိမ်တိုင်ရှိခဲ့သည်။ ပထမတစ်ကြိမ်ခရီးစဉ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် ( EEF-2025 ) သို့ တက်ရောက်ခဲ့ခြင်းဖြစ်၍ ထိုခရီးစဉ်မှ EAEU အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိခဲ့ပါသည်။

ထိုခရီးစဉ်များမှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာခဲ့ပြီး နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခဲ့ကာ ယခုတစ်ကြိမ် မြန်မာနိုင်ငံတွင် ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံခွင့်ရခြင်းကပင် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ဆက်လက်တိုးချဲ့ဖန်တီးခွင့်ကို ရရှိသွားစေသည်။ အရှိန်အဟုန်တစ်ခု ဖြစ်သွားအောင်လည်း ခေါင်းဆောင်နှစ်ဦးနှင့် သက်ဆိုင်ရာ Stakeholders အားလုံး၏ စိတ်ဝင်တစား ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများက အဓိကတွန်းအားများ ဖြစ်ခဲ့ရသည်။ အားလုံးက နှစ်နိုင်ငံအကျိုးစီးပွား၊ နှစ်နိုင်ငံပြည်သူများအတွက်သာဖြစ်၍ ယခုခရီးစဉ်အတွင်း ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းညွှန်ချက် လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ လမ်းပြမြေပုံအတိုင်း သွားကြရန် ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးလည်း ဖြစ်ပါသည်။

**နယ်ပယ်စုံ သဘောတူညီမှု ၁၆ ခု**

မြန်မာနှင့် ဘယ်လာရုစ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ဖြစ်သည်။ နယ်ပယ်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည်။ *စာမျက်နှာ ၇ သို့*

**❝ ယခုခရီးစဉ်မှ ကောင်းသောလက္ခဏာများစွာကို မြင်တွေ့ခဲ့ရပါပြီ။ ခရီးစဉ်က အဓိပ္ပာယ်များစွာ ရှိခဲ့သည်။ ကော်ဇောနီခင်း၊ တိုင်းရင်းသားရိုးရာ အလှအကများနှင့် နှစ်နိုင်ငံအလံများအောက်မှာ ခမ်းနားသော ကြိုဆိုညှော်ခံမှုများနှင့် အထူးအဆင့်အတန်းထားရှိမှုများကို လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁ အလွန် ပထမဦးဆုံး လာရောက်လည်ပတ်သော ဘယ်လာရုစ်နိုင်ငံသမ္မတကြီး မြန်မာ့လေပိုင်နက်ထဲရောက်သည်နှင့် မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမြောက် မျိုးဆက်လွန် SU-30 SME ဘက်စုံသုံးတိုက်လေယာဉ်သုံးစင်း လိုက်ပါခြံရံ၍ ကြိုဆိုဂုဏ်ပြုမှုနှင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းများက အလွန်ထူးခြားခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးမှာ အရေးပါမှုတစ်ခု၊ စစ်ရေးစွမ်းရည်ပြသရာ စစ်ယဉ်ကျေးမှုတစ်ခု၊ လုံခြုံရေးအပေါ် အလေးထားမှုနှင့်အတူ ယုံကြည်မှုဖြင့် ချစ်ကြည်ရေးကို တည်ဆောက်ပြီး အမြင့်ဆုံးသော ဂုဏ်ပြုမှုတစ်ခု ဖြစ်ခဲ့ပါသည်။ ဂုဏ်ပြုမြင်းတပ်ဖွဲ့ဖြင့် ချီးမြှောက်ဂုဏ်ပြုခြင်းကလည်း ဧည့်သည်တော်ကြီး၏ အရေးပါမှုနှင့် အလေးအနက်ထားမှုကို ဖွင့်ဟရာရောက်❞**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၂၈ ရက် သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## သထုံမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေး

သထုံ နိုဝင်ဘာ ၂၉

မွန်ပြည်နယ် သထုံမြို့နယ်၌ မဲစာရင်းများ မှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးနေမှုများကို နိုဝင်ဘာ ၂၈ ရက်တွင် တာဝန်ရှိသူများက လိုက်လံကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ကွင်းဆင်းကြည့်ရှုရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိုးလင်းထွန်း၊ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိပ်အင်းရပ်ကွက် စိတ္တသုခလမ်းရှိ အိမ်ထောင်စု ၄၇၅ စုတို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးနေမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

ထို့ကြောင့်လည်း သမ္မတကြီး ခရီးစဉ် မစမီကတည်းက ဘယ်လာရုစ်စီးပွားရေးပညာရှင်များ၊ ဝန်ကြီးအဆင့် အစိုးရအဖွဲ့ဝင်များ ကြိုတင်ရောက်ရှိနှင့်ပြီး ရန်ကုန်မြို့ LOTTE ဟိုတယ်တွင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တစ်ခုကို ကျင်းပနိုင်ခဲ့သည်။ ဘယ်လာရုစ်ဘက်မှ BelCCI နှင့် မြန်မာနိုင်ငံဘက်မှ UMFCCI အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ကြိုတင်ဆွေးနွေးခဲ့ကြပြီး ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူညီချက်အပါအဝင် စုစုပေါင်း စာချုပ် ၁၆ ခုကို ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ စာချုပ်များတွင် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်မှု၊ ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ၊ ခရီးသွားနှင့် ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ၊ ဘဏ်နှင့်ငွေကြေး ကဏ္ဍများ နယ်ပယ်အစုံပါဝင်သည်ကို တွေ့ရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ဖက်စပ်လုပ်ငန်းများ ဖြစ်ထွန်းလာမည့် သဘောရှိသည်။ မြန်မာနိုင်ငံမှ ဆန်၊ ရော်ဘာ၊ အခွံမာသီးနှင့် သစ်သီးဝလံနှင့် ကော်ဖီကို တင်ပို့နိုင်မည့် အခွင့်အလမ်းများ တွေ့မြင်နေရပါပြီ။ စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ ရှိလာပါမည်။ MSME ထုတ်ကုန်များအတွက် ဈေးကွက်အလားအလာများ မြင်တွေ့နေရသည်။ ကျန်းမာရေးကဏ္ဍ၌ ကင်ဆာရောဂါရှင်များအတွက် အားရဖွယ် အလားအလာများ ရှိလာပါပြီ။ နောင်မှာလည်း ဝန်ကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ နောက်ဆက်တွဲ အပြန်အလှန်ခရီးစဉ်များလည်း ရှိလာပါလိမ့်မည်။

### နားလည်မှုစာချွန်လွှာများ

နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ တွေ့ဆုံဆွေးနွေးမှုများတွင် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကို အခြေခံသည့် ပြောကြားချက်များ ပါဝင်သည်ကို သတိထားမိသည်။ စေတနာပါသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အသိအမှတ်ပြုမှုများကို တွေ့ရသည်။ ရင်းနှီးပွင့်လင်းစွာ အမြင်များ ဖလှယ်နိုင်ခဲ့ကြသည်မှာ အားရစရာဖြစ်သည်။ အထူးသဖြင့် နယ်စပ်ဒေသ အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးတိုင် တိုက်ဖျက်နေမှုများနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ အနာဂတ်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အခြေအနေများအပေါ် အမြင်များဖလှယ်နိုင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံအကြီးအကဲများ ရှေ့မှောက်တွင်ပင် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး လဲလှယ်ကြသည့်အခါ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ၊ ပို့ကုန်ချေးငွေမှုဘောင်သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း၊ တိကျစွာ တိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ ပါဝင်ကြောင်း သိရှိရသည်။

> **❝ နှစ်နိုင်ငံကြား ချစ်ခြင်းတရားကား ဘောင်ခတ်ထားခြင်း အလျဉ်းမရှိ၊ နယ်နိမိတ်မခြား၊ အဆီးအတားမရှိ တိုးတက်ဖြစ်ထွန်းခဲ့ပါပြီ။ တစ်ဦးနှင့်တစ်ဦး မဟာဗျူဟာမြောက် အကျိုးစီးပွားမိတ်ဖက်များအဖြစ်လည်း ပို၍ထင်ရှားခဲ့ပါပြီ။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လိုအပ်ချက်များအတွက် တကယ့်မိတ်ဆွေအစစ်အမှန် အနာဂတ်အတွက် စံပြတစ်ခုဖြစ်ခဲ့ပါပြီ။ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် BRICS အဖွဲ့ဝင်၊ SCO အဖွဲ့ဝင်၊ EAEU အဖွဲ့ဝင်ဖြစ်လာရေး ကြိုးပမ်းအားထုတ်မှုများတွင် အားသာချက်များအဖြစ် ပေါ်လွင်လာမည်ဟု ယူဆပါသည်။ ရေရှည်လက်တွဲမည့် မဟာမိတ်များပီပီ နိုင်ငံတကာမျက်နှာစာမှာ ဘယ်လာရုစ်နိုင်ငံ၏ ထောက်ခံအားပေးမှုသည် ပို၍ခိုင်မာလာတော့မည် ❞**

### ထူးခြားလေးနက်မှုများစွာဖြင့်

ယခုခရီးစဉ်မှ ကောင်းသောလက္ခဏာများစွာကို မြင်တွေ့ခဲ့ရပါပြီ။ ခရီးစဉ်က အဓိပ္ပာယ်များစွာ ရှိခဲ့သည်။ ကော်ဇောနီခင်း၊ တိုင်းရင်းသားရိုးရာ အလှအကများနှင့် နှစ်နိုင်ငံအလံများအောက်မှာ ခမ်းနားသော ကြိုဆိုညှော်ခံမှုများနှင့် အထူးအဆင့်အတန်းထားရှိမှုများကို လှလှလာတွေ့ရှိရပါသည်။ ၂၀၂၁ အလွန် ပထမဦးဆုံး လာရောက်လည်ပတ်သော ဘယ်လာရုစ်နိုင်ငံသမ္မတကြီး မြန်မာ့လေပိုင်နက်ထဲ ရောက်သည်နှင့် မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမြောက် မျိုးဆက်လွန် SU-30 SME ဘက်စုံသုံးတိုက်လေယာဉ်သုံးစင်း လိုက်ပါခြံရံ၍ ကြိုဆိုဂုဏ်ပြုမှုနှင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းများက အလွန်ထူးခြားခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးမှာ အရေးပါမှုတစ်ခု၊ စစ်ရေးစွမ်းရည်ပြသရာ စစ်ယဉ်ကျေးမှုတစ်ခု၊ လုံခြုံရေးအပေါ် အလေးထားမှုနှင့်အတူ ယုံကြည်မှုဖြင့် ချစ်ကြည်ရေးကို တည်ဆောက်ပြီး အမြင့်ဆုံးသော ဂုဏ်ပြုမှုတစ်ခု ဖြစ်ခဲ့ပါသည်။ ဂုဏ်ပြုမြင်းတပ်ဖွဲ့ဖြင့် ချီးမြှောက်ဂုဏ်ပြုခြင်းကလည်း ဧည့်သည်တော်ကြီး၏ အရေးပါမှုနှင့် အလေးအနက်ထားမှုကို ဖွင့်ဟရာရောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းနှင့်ချီသည့် ခွန်အားပါသော ယဉ်ကျေးမှု၊ သစ္စာရှိမှုနှင့် ကျေးဇူးတရားသိမှုထုံးတမ်းအစဉ်အလာတစ်ခုကို ထိန်းသိမ်းဖော်ပြရာလည်း ရောက်ပါသည်။ လေးစားမှုကိုပြသည်၊ ချစ်ခြင်းမေတ္တာနှင့် နွေးထွေးမှုကို ပြသခြင်းဖြင့် ထူးခြားလေးနက်မှုများစွာ ရှိခဲ့ပါသည်။

### ဤနေ့ဤရက် သမိုင်းဝင် လေးနက်ခဲ့ပါသည်

ခရီးစဉ်တစ်ခုလုံးမှာ ထူးခြားလေးနက်မှု များစွာရှိခဲ့ရာ ၂၈-၁၁-၂၀၂၅ ရက်သည် နှစ်နိုင်ငံလုံးအတွက် သမိုင်းဝင်နေ့ရက်တစ်ခု ဖြစ်ခဲ့ရသည်။ မြန်မာပြည်သူ ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားရာ အထွတ်အမြတ်တစ်ခုဖြစ်သည့် နေပြည်တော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဧည့်သည်တော်သမ္မတကြီး လာရောက်ဖူးမြော်ကြည်ညို၍ ကုသိုလ်ပြုခဲ့သည့်အတွက်ဖြစ်သည်။ ထို့အတွက် ဗုဒ္ဓဘာသာဝင်အားလုံး ဝမ်းသာပီတိ ဂုဏ်ယူရပါသည်။ ထို့နောက် နေပြည်တော်ရှိ တစ်ချိန်က BIMSTEC အဖွဲ့ဝင် နိုင်ငံအကြီးအကဲများ စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ်သစ်ပင်များ တည်ရှိရာ အမျိုးသားပရဆေးဥယျာဉ်၌ နှစ်နိုင်ငံခေါင်းဆောင်များ အမှတ်တရကံ့ကော်ပင်စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ် အခမ်းအနားတစ်ခုသည်လည်း နှစ်နိုင်ငံချစ်ကြည်ရေး အစွန့်ရှည်ရေး အုတ်မြစ်တစ်ခု စိုက်ထူလိုက်ခြင်းမည်ပါသည်။ နောက်ထပ် ထူးခြားမှုတစ်ခုက နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေးရှေ့လမ်းတစ်ခုကို ဘယ်လာရုစ်နိုင်ငံ မြို့တော် မင့်စ်မြို့ကို အစွဲပြု၍ မင့်စ်လမ်းဟူ၍ အမည်ပေးခဲ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံက လမ်းတစ်ခုကို နိုင်ငံခြားမှ မြို့တော်တစ်ခုအမည်ကို ပေးခြင်းကား သမိုင်းဝင် ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

နှစ်နိုင်ငံကြား ချစ်ခြင်းတရားကား ဘောင်ခတ်ထားခြင်း အလျဉ်းမရှိ၊ နယ်နိမိတ်မခြား၊ အဆီးအတားမရှိ တိုးတက်ဖြစ်ထွန်းခဲ့ပါပြီ။ တစ်ဦးနှင့်တစ်ဦး မဟာဗျူဟာမြောက် အကျိုးစီးပွား မိတ်ဖက်များအဖြစ်လည်း ပို၍ထင်ရှားခဲ့ပါပြီ။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လိုအပ်ချက်များအတွက် တကယ့်မိတ်ဆွေအစစ်အမှန် အနာဂတ်အတွက် စံပြတစ်ခုဖြစ်ခဲ့ပါပြီ။ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် BRICS အဖွဲ့ဝင်၊ SCO အဖွဲ့ဝင်၊ EAEU အဖွဲ့ဝင်ဖြစ်လာရေး ကြိုးပမ်းအားထုတ်မှုများတွင် အားသာချက်များအဖြစ် ပေါ်လွင်လာမည်ဟု ယူဆပါသည်။ ရေရှည်လက်တွဲမည့် မဟာမိတ်များပီပီ နိုင်ငံတကာမျက်နှာစာမှာ ဘယ်လာရုစ်နိုင်ငံ၏ ထောက်ခံအားပေးမှုသည် ပို၍ ခိုင်မာလာတော့မည်ဟု ယုံကြည်ပါသည်။ မြန်မာ-ဘယ်လာရုစ်ဆက်ဆံရေး အတိတ်သမိုင်းလှခဲ့သလို ပစ္စုပ္ပန်လည်း ထို့အတူ၊ အနာဂတ်သမိုင်းလည်း လှနေတော့မှာ မလွဲပါဟူ၍ ဂုဏ်ပြုအပ်ပါသည်။ ။

# ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မူလတန်းကြိုကျောင်းဖွင့်ပွဲကျင်းပ ပုသိမ်ကလေးပြုစုရေးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး





**ပုသိမ် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကန်ကြီးထောင့်မူလတန်းကြိုကျောင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ယင်းနောက် အခမ်းအနား၌ ကပြဖျော်ဖြေပေးခဲ့သော အကအဖွဲ့များအား ဂုဏ်ပြုဆုငွေ ပေးအပ်ပြီး ကမ္ပည်းမော်ကွန်းအား အမွေးနံ့သာဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုပြီး မူကြိုကလေးငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မုန့်နှင့်အရုပ်များ ပေးအပ်သည်။

ကျောင်းဆောင်သစ် ဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်ကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကန်ကြီးထောင့်မူလတန်းကြိုကျောင်းအား လူမှုဝန်ထမ်းဦးစီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် သန်း ၃၆၀ ဒသမ ၈၃၀ ဖြင့် RC သုံးထပ် အဆောက်အအုံကို ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ကန်ကြီးထောင့် မူလတန်းကြိုကျောင်းကို ဆောက်လုပ်ဖွင့်လှစ်ပေးခြင်းဖြင့် အသက် (၃) နှစ်မှ (၅) နှစ် မူလတန်းကြိုအရွယ် ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ပါကြောင်း၊ မူလတန်းကြိုအရွယ်တွင် ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ ရရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး မူလတန်းကြိုကျောင်းမြေနေရာကို လှူဒါန်းသော အလှူရှင် ပါရမီရိပ်သာကျောင်းတိုက် ဒါယကာ၊ ဒါယိကာမများနှင့် ပါရမီဘက်စုံထောက်ကူအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ လွှဲပြောင်းပေးအပ်သည်။ ကန်ကြီးထောင့်မူလတန်းကြိုကျောင်း၌ ကလေးငယ် ၇၅ ဦးကို မူကြိုပညာရေး သင်ကြားပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ပုသိမ်ကလေးပြုစုရေးဌာနသို့ သွားရောက်ကာ ကလေးငယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အရုပ်နှင့် မုန့်များ ပေးအပ်၍ ကလေးပြုစုရေးဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ပြီး အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး ရပ်ရွာအခြေပြုမုန့်လုပ်နည်း သင်တန်းတွင် တက်ရောက်နေသော သင်တန်းသူများကို မုန့်လုပ်နည်းသင်ခန်းစာပို့ချနေမှု၊ မိန်းမဝတ် (စင်တီမီတာ) သင်တန်း၊ မိန်းမဝတ် (လက်မ) သင်တန်းတို့တွင် သင်ကြားနေမှုများကို ကြည့်ရှုပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၂၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသည့် (၂၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ပါရန် ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကောင်စီမှ ဒုတိယဝန်ကြီးချုပ် Mr. Ekniti Nitithanprapas ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

## အမြင်ချင်းဖလှယ်

နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဂျီအမ်အက်စ် စီးပွားရေးဖိုရမ် အဆင့်မြင့်မူဝါဒ ဆွေးနွေးပွဲ၌ ဂျီအမ်အက်စ်အစီအစဉ်၏ ဦးစားပေးကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အဟန့်အတားများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာသည့် ဂျီအမ်အက်စ် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်နိုင်ငံများရှိ ဂျီအမ်အက်စ်စီးပွားရေးကောင်စီ အသီးသီးမှ ကိုယ်စားလှယ်များအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဝန်ကြီးများအဆင့် အလွတ်သဘော အစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ၏ပါဝင်မှု ပိုမိုအားကောင်းစေရေးကိစ္စရပ်များအပေါ် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

## အမှာစကားပြောကြား

(၂၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများမျက်နှာစုံညီ အစည်းအဝေးကို **"GMS ဒေသခွဲတွင် ဒေသန္တရအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပေါင်းစည်းပါဝင်ခြင်းဖြင့် အားလုံးပါဝင်သည့် တိုးတက်မှု၊ ဟန်ချက်ညီသော ဖွံ့ဖြိုးမှုနှင့် သာယာဝပြောမှု ရရှိစေရန် ဖော်ဆောင်ရေး"** ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

ဝန်ကြီးများမျက်နှာစုံညီ အစည်းအဝေးတွင် အဆင့်မြင့်အရာရှိများအစည်းအဝေး၊ ဖွံ့ဖြိုးမှု မိတ်ဖက်များအစည်းအဝေး၊ စီးပွားရေးကောင်စီ အစည်းအဝေးနှင့် ဒေသန္တရအစိုးရများ ဖိုရမ်ရလဒ်များအပေါ် တက်ရောက်လာသည့် ဂျီအမ်အက်စ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အကြံပြုဆွေးနွေးခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးကို အိမ်ရှင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ သီဟာသက် ဖူးအန်းကက်တေးကောက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ စခေါ့တ် မောရစ်က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီးက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အခြားအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံ့ညှိနှိုင်းရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

(၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအဖြစ် နိုဝင်ဘာ ၂၆ ရက်တွင် အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအစည်းအဝေး၊ နိုဝင်ဘာ ၂၇ ရက်၌ဒေသန္တရအစိုးရများဖိုရမ်နှင့် ဂျီအမ်အက်စ် စီးပွားရေးဖိုရမ်သို့ ဂျီအမ်အက်စ်နိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ရာ ဆယ်စုနှစ် သုံးခုကျော် အောင်မြင်စွာရပ်တည်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ပြီး မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဂျီအမ်အက်စ်အစီအစဉ်အရ ဝန်ကြီးအဆင့်အစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်ခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အိမ်ရှင်အဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့သည်။ ယခုနှစ်အစည်းအဝေးတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဂျီအမ်အက်စ်မဟာဗျူဟာ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် (၂၀၂၆-၂၀၂၈) တို့ကို အတည်ပြုခဲ့ပြီး (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့၌ မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်နေမှုကို သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အိုတန်းရပ်ကွက်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့က မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်နေမှုအား လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ဝန်ထမ်းများ အနေဖြင့်လည်း ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ဖြေကြားနိုင်အောင် ဆောင်ရွက်သွားကြရန်နှင့် မဲစာရင်းကြည့်ရှုနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ရပ်ကွက်အတွင်း ဈေးရောင်းချနေကြသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကုန်ပစ္စည်းများရောက်ရှိ၊ ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မိဇ္ဇရပ်ကွက်၊ မြို့သူကြီးရပ်ကွက်နှင့်တရားသိစုရပ်ကွက်တို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့က မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စိစစ်နေမှုအား လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြည်တော်သာရပ်ကွက်နှင့် အနောက်စံပြရပ်ကွက်ရှိ မြင်းစီးပြင်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး စေတနာထားဆောင်ရွက်သွားကြရန် မှာကြားသည်။



ထို့နောက် ပြည်တော်သာရပ်ကွက် စံပြမုန့်တိုက်ရှေ့လမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တင်ထွန်း(ပြန်/ဆက်)

# မိုင်းဖြတ်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မကြာမီ ကျင်းပတော့မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၇ ရက်က ဝမ်ပွေ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အဖွဲ့ခေါင်းဆောင် ဒေါ်အေးဝင်းခိုင်၊ ရပ်/ကျေးစာရေး ဒေါ်တင်မာလွင်တို့နှင့် တာဝန်ရှိသူများက ဝမ်ပွေရပ်ကွက်ရှိ အိမ်ခြေ ၂၂၀ မှ အိမ်ထောင်စု ၂၀၉ စုတွင် ဒုတိယအကြိမ် မဲစာရင်းကြေညာချက်အရ မဲဆန္ဒရှင်ပြည်သူ ၅၉၆ ဦး ရှိ/မရှိ၊ အိမ်ထောင်စုအလိုက် အသက်(၁၈)နှစ်ပြည့်ပြီးသူများ မဲဆန္ဒရှင်စာရင်းတွင် ပါ/မပါ၊ တိုက်ဆိုင် စစ်ဆေးခြင်းများကို ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် နယ်မြေခံတပ်ရင်းမှ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ပြည့်ဖြိုးဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအားကိုနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မြို့နယ်(ပြန်/ဆက်)

# ခေါင်လန်ဖူး၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ခေါင်လန်ဖူး နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးနိုင်လင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခေါင်ဆင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ဝင်များ၏ အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးနန်ဇော့ဖုန်ဂါရမ်က ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်း၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဒုတိယဦးစီးမှူး ဦးရဲလင်းတို့က နိုဝင်ဘာ၂၈ ရက်မှ ၂၉ ရက်အထိ သင်တန်းကာလနှစ်ရက်ကြာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ဒုတိယမဲရုံမှူး စုစုပေါင်း ၁၀၆ ဦးအား ရွေးကောက်ပွဲဆိုင်ရာများနှင့် မဲရုံတွင် ဖြည့်သွင်းရမည့် ဇယားများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများမကျန်ရှိစေရေး မဲစာရင်းကွင်းဆင်းစစ်ဆေး

**ပန်းတောင်း နိုဝင်ဘာ ၂၉**

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်စေရေးနှင့် မကျန်ရှိစေရေး ပန်းတောင်းမြို့နယ်၌ မြေပြင်ကွင်းဆင်း မဲစာရင်း လိုက်လံစစ်ဆေးခြင်း



လုပ်ငန်းကို ယနေ့နံနက်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မဲစာရင်းများမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့် မကျန်ရှိစေရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအား အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းထားရှိပြီး မဲစာရင်းစစ်ဆေးခြင်းလုပ်ငန်းအဖွဲ့ ငါးဖွဲ့ခွဲကာ တစ်ဖွဲ့လျှင် ကျေးရွာအုပ်စု ၁၀ အုပ်စု တာဝန်ယူ၍ ရပ်ကွက်/ကျေးရွာအုပ်စု ၄၉ အုပ်စုအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းကာ လမ်းအလိုက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# မချမ်းဘောမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**မချမ်းဘော နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို နိုဝင်ဘာ ၂၇ ရက်က မချမ်းဘောမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအဌါန်ရှင်းက သင်တန်းနှင့် ပတ်သက်သည့် ရည်ရွယ်ချက်များ၊ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးမိုးအောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ထိန်းချုပ်စက်ကိုင်တွယ်သူ၊ မဲရုံလုံခြုံရေး/မင်တို့သူများ၏ လုပ်ငန်းတာဝန်များ၊ လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေပါ ပုံစံများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းများ၊ မဲရုံနေရာချထားခြင်း သရုပ်ပြခြင်းများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင် စုစုပေါင်း ၈၀ တက်ရောက်ကြောင်း သိရသည်။ **ယောရွှေနီ(မချမ်းဘော)**



# အကြမ်းဖက်အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ်အေးချမ်းလာသည့် နွားထိုးကြီးမြို့နယ်

**မင်းမင်းထွန်း (မြင်းခြံ)**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့ကလေးမှာ တစ်ချိန်က အေးချမ်းသာယာခဲ့သည့် မြို့ကလေးဖြစ်သည်။ မန္တလေး-မြင်းခြံရထားလမ်းနှင့် ကားလမ်းတို့ဆုံရာတွင် တည်ရှိနေသည့် နွားထိုးကြီးမြို့၏ စီးပွားရေးအခြေခံမှာ မိရိုးဖလာစိုက်ပျိုးရေးနှင့် မွေးမြူရေးတို့သာဖြစ်သည့်အလျောက် စည်စည်ကားကား မြို့ကြီးများနှင့် ယှဉ်ပြိုင်လျှင် သာမန်နယ်မြို့ကလေး တစ်မြို့သာ။ နွားထိုးကြီးမြို့ပေါ်ရပ်ကွက် ရှစ်ခုတွင် နေထိုင်သူ စုစုပေါင်းမှာ ၁၄၀၀၀ ကျော်မျှသာဖြစ်ရာ မြို့နယ်အတွင်းရှိ ကျန်လူဦးရေ နှစ်သိန်းလျော့လျော့တို့မှာ ကျေးရွာများတွင် နေထိုင်ကြခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းခဲ့သည့် ဒေသများအားလုံး ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် သွေးထိုးလှုံ့ဆော်မှုများ၊ အတင်းအဓမ္မစည်းရုံး သိမ်းသွင်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီးနောက် အေးချမ်းတည်ငြိမ်မှုများ ပျက်ပြားခဲ့ရာတွင် မြင်းခြံခရိုင်အတွင်းရှိ အခြားမြို့နယ်များနည်းတူ နွားထိုးကြီးမြို့နယ်သည်လည်း အပါအဝင် ဖြစ်ခဲ့သည်။

မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်တို့တွင် အကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ရဟန်းရှင်လူပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ငွေကြေးအနိုင်ကျင့်ရယူခြင်းများ လုပ်ဆောင်လာခဲ့သည်။ မြင်းခြံခရိုင်တစ်ခုလုံးတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူး သေဆုံး ၅၂ ဦး၊ ဒဏ်ရာရ ၁၀ ဦး၊ ရွာခွဲတာဝန်ခံ သေဆုံး ၁၄ ဦး၊ ရာအိမ်မှူးသေဆုံး ၂၅ ဦး၊ ဒဏ်ရာရ လေးဦး၊ ဆယ်အိမ်မှူး သေဆုံး လေးဦး၊ ဒဏ်ရာရ တစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သေဆုံး ငါးဦး၊ ဒဏ်ရာရ လေးဦး စုစုပေါင်း သေဆုံး ဦးရေ ၁၀၀ နှင့် ဒဏ်ရာရ ၁၉ ဦးရှိခဲ့သည်။

**နွားထိုးကြီးမြို့နယ်အတွင်းတွင် အကြမ်းဖက်သမားတို့၏ လက်ချက်ကြောင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူး သေဆုံး ၁၆ ဦး၊ ရာအိမ်မှူးသေဆုံး ၁၁ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသေဆုံး နှစ်ဦး၊ ဒဏ်ရာရ နှစ်ဦး စုစုပေါင်း သေဆုံး ၂၉ ဦး၊ ဒဏ်ရာရ နှစ်ဦးအထိ ရှိခဲ့သည်။** အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများသည် ကျေးရွာများတွင်သာမက မြို့ပေါ်ရပ်ကွက်အတွင်းထိ အကြမ်းဖက်မှုအမျိုးမျိုး လုပ်ဆောင်လာခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် နွားထိုးကြီးမြို့ပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့များ၊



နွားထိုးကြီးမြို့၌ နိုဝင်ဘာ ၂၆ ရက်က ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**❑ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းခဲ့သည့် ဒေသများအားလုံး ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် သွေးထိုးလှုံ့ဆော်မှုများ၊ အတင်းအဓမ္မစည်းရုံး သိမ်းသွင်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီးနောက် အေးချမ်းတည်ငြိမ်မှုများ ပျက်ပြားခဲ့ရာတွင် မြင်းခြံခရိုင်အတွင်းရှိ အခြားမြို့နယ်များနည်းတူ နွားထိုးကြီးမြို့နယ်သည်လည်း အပါအဝင်ဖြစ်ခဲ့**

ဌာနဆိုင်ရာများကို ဝင်ရောက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ခြင်း၊ စစ်ကူများရယူ၍ ပြန်လည်တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် အကြမ်းဖက်အဖွဲ့များ မြို့ပေါ်ရပ်ကွက်များတွင် ဝင်ရောက်မနေနိုင်ခဲ့ကြသော်လည်း ဌာနဆိုင်ရာဝန်ထမ်းများ ဆက်လက်တာဝန်ထမ်းဆောင်ရန် လုံခြုံနိုင်မှုမရှိသောကြောင့် မိမိတို့သက်ဆိုင်ရာ ဌာနများအလိုက် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်များသို့ တိမ်းရှောင်၍ တွဲဖက်တာဝန်ထမ်းဆောင်ကာ ရုံးလုပ်ငန်းများ လည်ပတ်နိုင်ရန် ဆောင်ရွက်ခဲ့ကြရသည်။ လုံခြုံရေးတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာ မြို့လုံခြုံရေးအတွက် ကျန်ရှိခဲ့ရပြီး မြို့ခံပြည်သူများမှာမူ အကြမ်းဖက်အဖွဲ့အစည်းများ၏ အန္တရာယ်ကို ကြောက်ရွံ့သဖြင့် မိမိတို့နီးစပ်ရာ မြို့၊ ရွာများသို့ ပြောင်းရွှေ့တိမ်းရှောင်နေထိုင်ခဲ့ရသည်မှာ တစ်နှစ်ခန့် ကြာမြင့်ခဲ့သည်။

> **❝ တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နွားထိုးကြီးမြို့ ပြန်လည်ထူထောင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်အမှောင်ခဏတာလွှမ်းခဲ့သည့် နွားထိုးကြီးမြို့နယ်သည် အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ် ❞**

၂၀၂၅ ခုနှစ် ဩဂုတ်လမှစတင်၍ တပ်မတော်စစ်ကြောင်းများ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နွားထိုးကြီးမြို့နယ်အတွင်း နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ နယ်မြေလုံခြုံအေးချမ်းမှုများ ရရှိလာသည်။ နွားထိုးကြီးမြို့နယ်၏ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အခြားဒေသများသို့ သွားရောက်တွဲဖက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ ၇-၁၁-၂၀၂၅ ရက်မှစ၍ နွားထိုးကြီးမြို့သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လျက်ရှိရာ **နိုဝင်ဘာ ၂၆ ရက်အထိ** ဌာနဆိုင်ရာ ၃၂ ခုမှ အရာထမ်း ၃၄ ဦး၊ အမှုထမ်း ၃၃၈ ဦး စုစုပေါင်း ၃၇၂ ဦး တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ကျန်ရှိသည့် ဝန်ထမ်းများမှာလည်း တဖြည်းဖြည်း ပြန်လည်ဝင်ရောက်လျက်ရှိသည့်အပြင် နွားထိုးကြီးမြို့ပေါ်ရပ်ကွက်များမှ တိမ်းရှောင်နေသော ပြည်သူများမှာလည်း ၈-၁၁-၂၀၂၅ ရက်မှ စတင်၍ နေ့စဉ်နှင့်အမျှ ပြန်လည်ဝင်ရောက်နေကြရာ **နိုဝင်ဘာ ၂၆ ရက်အထိ** အိမ်ထောင်စု ၉၇၇ စု၊ လူဦးရေ ၂၂၈၄ ဦး ပြန်လည်ဝင်ရောက်လျက်ရှိပါသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ခေါင်းဆောင်၍ နွားထိုးကြီးမြို့နယ်၏ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်စားသောက်ရေးများ အဆင်ပြေစေရေးအတွက် ဦးစွာစီစဉ်ဆောင်ရွက်ခဲ့ပြီး ရုံးဌာနအလိုက် ရုံးတွင်း/ပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့်နေရာများတွင် လုံခြုံရေးအဖွဲ့က မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ရုံးလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေကြပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် မိုင်းရှင်းလင်းရေးနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများလည်း ပြန်လည်ရောက်ရှိလာပြီဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ပညာရေးကဏ္ဍအနေဖြင့် နွားထိုးကြီးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၈ ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လျှပ်စစ်မီးရရှိရေးအတွက် စစ်ဗျူဟာမှူးက ဦးဆောင်၍ မြင်းခြံမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံမှ မြင်းခြံမြို့နယ်-ညောင်ပင်ရွာသို့ သွယ်တန်းထားသော ၃၃ ကေဗွီအေ ဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရေရရှိရေးကဏ္ဍအနေဖြင့် ယခင်က ရေပေးဝေရေး ဆောင်ရွက်ခဲ့သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)/ အမှတ်(၅)/ အမှတ်(၈) ရပ်ကွက်တို့ရှိ စက်ရေတွင်း ရှစ်တွင်းနှင့် ရေပေးဝေသည့် ရေစုကန်များ ပြန်လည်ရေပေးဝေနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် နွားထိုးကြီး-ပြင်စည်-အမြန်လမ်း (၃၂၅/၅)မိုင်မှ အမြန်လမ်းအတိုင်း နွားထိုးကြီး- ရန်ကုန်ယာဉ်လိုင်းသည်လည်းကောင်း၊ နွားထိုးကြီး - ပန်းအိုင် - မလှိုင်-ရန်ကုန် ယာဉ်လိုင်းသည်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည်။

နွားထိုးကြီးမြို့ စည်ပင်သာယာပိုင်မြို့မဈေးကို ပြန်လည်ဖွင့်လှစ်၍ ဈေးသည်ဈေးဝယ်များ စည်ကားသိုက်မြိုက်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် မြို့ပေါ်ရှိ အခြားစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဆိုင်များလည်း ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။

နွားထိုးကြီးမြို့ သန့်ရှင်းသာယာလှပရေးအတွက် တန်ခိုးကြီးဘုရားဖြစ်သည့် ရှင်ပင်သာဒွန်ဦးမြတ်စွာဘုရားဝင်း အတွင်း/အပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်းတို့ ဆောင်ရွက်ခဲ့သည့်အပြင် နန္ဒဝန်ပန်းခြံနှင့် ဘိုးဘွားရိပ်သာတို့ကို သန့်ရှင်းရေးဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်ထားရှိပြီဖြစ်သည်။ မြို့အတွင်းရှိ လမ်းဘေးဝဲ/ယာ သန့်ရှင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နွားထိုးကြီးမြို့ ပြန်လည်ထူထောင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်အမှောင်ခဏတာလွှမ်းခဲ့သည့် နွားထိုးကြီးမြို့နယ်သည် အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဆောင်းနေကြာသီးနှံမျိုးစေ့ချ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတက်ရောက်ပြီး ပါဝင်သရုပ်ပြသ

**ဘားအံ နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့အင်္ဂါရပ်များနှင့်အညီ Green City , Clean City ဖြစ်စေရေးအတွက် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ဘားအံတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၃၅ ဦးခန့်သည် ဘားအံတက္ကသိုလ် ပရဝဏ်အတွင်းအပြင်ရှိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် ကပ်လျက်ရှိသော သစ်ပင်ကြီးများ၏ အကိုင်းအခက်များကို ရှင်းလင်းဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်းတို့ကို ယာဉ်ယန္တရားများအသုံးပြု၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဘားအံမြို့ ကြာအင်းရပ် ပဒုမ္မာလမ်းဘေးဝဲယာရေမြောင်းနှင့် ပလက်ဖောင်း လုပ်ငန်းဆောင်ရွက်မှု၊ ဘားအံမြို့ အမှတ်(၆)ရပ်ကွက် သီရိလမ်းဘေးဝဲယာရေမြောင်းနှင့် ပလက်ဖောင်းလုပ်ငန်းဆောင်ရွက်မှု၊ ဘားအံမြို့ အမှတ်(၆)ရပ်ကွက် လုပ်သားလမ်း ရေမြောင်းနှင့် ပလက်ဖောင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု ကော့ဝုန်းကျေးရွာ ကွင်းအမှတ်-၁၁၆၈ နှင့် ၁၁၆၉၊ ဖျားလုံကွင်းနှင့် ကော့ခမိတ်ကွင်းတို့တွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးပွဲကိုကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲက တက်ရောက်လာသော အိန္ဒဲ၊ အိန္ဒူ၊ ကော့သင်းရှူး၊ နောင်လုံအရှေ့၊ နောင်လုံအနောက်၊ လက္ခဏာကျေးရွာအုပ်စုများမှ တောင်သူများအား အီးအမ်ဘိုကာရှီ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းကို လက်တွေ့ပြုလုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ အမှန်တကယ် ပြန်လည်ပြုလုပ်သုံးစွဲကြမည့် တောင်သူများအား အီးအမ်အရည်များ အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်၍ ဆောင်းနေကြာသီးနှံမျိုးစေ့ချ စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းမြင့်က နေကြာစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ၍ မျိုးစေ့ချကိရိယာများဖြင့် နေကြာသီးနှံမျိုး စေ့ချစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ ကိုယ်တိုင်ပါဝင်သရုပ်ပြသကြပြီး **(အပေါ်ဝဲပုံ)** ကွင်းသရုပ်ပြခြင်းနှင့် တောင်သူများအစေ့ချစိုက်ပျိုးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

## သံဖြူဇရပ်၌ (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ရေးဖြေစာမေးပွဲကျင်းပ

**သံဖြူဇရပ် နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ ကြီးမှူးကျင်းပသည့် (၇၆) ကြိမ်မြောက် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ယမန်နေ့က သံဖြူဇရပ်မြို့နယ်အတွင်းရှိ စာစစ်ဌာနများတွင် ပြုလုပ်သည်။



အဆိုပါစာမေးပွဲကို သံဖြူဇရပ်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ တာဝန်ရှိသူများက အထက(၁)၊ အထက(၂)၊ အထက(ကျုံကဒတ်)၊ အထက(ပင)၊ အထက(ကျိုက္ခမီ)ကျောင်းနှင့် ဝိဇယာရာဘုန်းတော်ကြီးကျောင်း(ကျိုက္ခမီ) တို့တွင် ဖြေဆိုနေမှုကို လာရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ကျောင်းသားလူငယ်၊ လူရွယ်များ ဘာသာတရားကိုင်းရှိုင်းပြီး ယဉ်ကျေးလိမ္မာစေရန်၊ တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီ၍ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတတ်စေရန်နှင့် အမျိုးအနွယ်ကို စောင့်ထိန်းကာ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပလျက်ရှိရာ သံဖြူဇရပ်မြို့နယ် စာဖြေဌာနခြောက်ခုတွင် အငယ်တန်းဖြေဆိုသူ ၁၈၃ ဦး၊ အလတ်တန်းဖြေဆိုသူ ၂၀ နှင့် အကြီးတန်းဖြေဆိုသူ ၁၈ ဦး စုစုပေါင်း ၂၃၁ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

---



## ပြည်ကြီးတံခွန်မြို့နယ်၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၃၉) အခြေခံပညာအထက်တန်းကျောင်း၌ ဗလငါးတန်နှင့်ပြည့်စုံစေသည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် ယမန်နေ့က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်၊ လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ လူငယ်စကားဝိုင်းတွင် အမှတ် (၃၉) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-11 ကျောင်းသူ မသုသဒ္ဒါဝေက လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -10 ကျောင်းသား မောင်စောမင်းထက်က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade -11 ကျောင်းသူ မအေးငြိမ်းသူက လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲမှ ကျောင်းသား ကျောင်းသူများက ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ပြန်/ဆက်)**

---

## အောင်လံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်

**အောင်လံ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က အောင်လံမြို့နယ် ပိတောက်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၇၆က) ပန်းမတကွင်းကို ရိတ်သိမ်းခြင်း ဆောင်ရွက်သည်။



အဆိုပါ ပိတောက်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၇၆က)တွင် တောင်သူ ဦးထွန်းမြင့်၏ စပါးစိုက်ခင်းကို စံကွက်ရိတ်သိမ်းခဲ့ရာ အောင်နိုင်တိုးစပါးမျိုး (အစိုထွက်) အထွက်နှုန်း ၁၀၀ ဒသမ ၂၂ တင်း ထွက်ရှိခဲ့သည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ရာနေရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

---

### နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျ စေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရှမ်းပြည်နယ်၌ လုပ်ငန်းသုံးခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၈၈၉၇ သန်းကျော်ရှိပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၉၀၀ ဖော်ဆောင်ပေးနိုင်မည်

**တောင်ကြီး နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက Kut Khaing Khan Kyaing Company Limited က CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ ဖုန်းဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်အတုနှင့် ဖန်စီပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် Kut Khaing Khan Kyaing Company Limited မှ တာဝန်ရှိသူတစ်ဦးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကိုရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံမြေနေရာနှင့် လုပ်ခလစာများ၊ နေထိုင်စားသောက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် Kut Khaing Khan Kyaing Company Limited က CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ ဖုန်းဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်အတုနှင့် ဖန်စီပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက Myanmar Pure plant Extracts Company Limited ၏ တိရစ္ဆာန်အစာအတွက်သုံးသော ဂန္ဓမာပန်းမျိုးစိတ်များ (Marigold) ၏အမှုန့်များထုတ်လုပ်ခြင်းနှင့်တင်ပို့ခြင်းလုပ်ငန်းကို လုပ်ငန်းတည်နေရာ ပြောင်းလဲလုပ်ကိုင်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြ၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားကာ နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခုကို အတည်ပြုမိန့်ထုတ်ပေးရန်ဆွေးနွေးခဲ့ကြပြီး အဆိုပါလုပ်ငန်းသုံးခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ် ၈၈၉၇ ဒသမ ၈၅၆ သန်းရှိပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၀၀ ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက် ၈ နာရီတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်ဖြစ်သည့် "Fostering disability inclusivesocieties for advancing social progress" "လူမှုဘဝမြင့်မားရေးမသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး" ဆိုသည့် ဆောင်ပုဒ်ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ၂၀၂၅ ခုနှစ် ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲ(တောင်ကြီး)ကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Special Olympic Myanmar ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြား၍ ညောင်ရွှေမြို့နယ်မှ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့မှ စုပေါင်းတေးသရုပ်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကပြဖျော်ဖြေပေးသွားသော ညောင်ရွှေမြို့ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ Special Olympic Myanmar ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ၂၀၂၅ ခုနှစ် ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးခဲ့သည့် တာဝန်ရှိသူများ၊ အလှူရှင်များကို Special Olympic Myanmar ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရာသက်ပန်ငွေပဒေသာပင်အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ Special Olympic Myanmar ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတစ်ဦးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် Bocce ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ၂၀၂၅ ခုနှစ် ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်များမှ အားကစားသမားစုစုပေါင်း ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး အပြေး၊ လမ်းလျှောက်၊ Soft ball throwing စသည့်အားကစားနည်းများနှင့် ငါးယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ၊ Bocce ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## တနင်္သာရီမြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ



ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်မဲစာရင်းများ ကပ်ထားကြေညာလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းတွင် ကျန်ရှိမှု မရှိစေရေးနှင့် မဲစာရင်း ပြည့်စုံ မှန်ကန်စေရေးအတွက် ယနေ့နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာအုပ်စုများ၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းစိစစ်ဆောင်ရွက်ရာတွင် တနင်္သာရီမြို့နယ် ရပ်ကွက် ကျေးရွာ အုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်ကျေးရွာနေ ပြည်သူများအား အိမ်ထောင်စုစာရင်းများဖြင့် အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲပေးပိုင်ခွင့်ရှိပြီး မဲစာရင်းတွင် ပါဝင်မှုမရှိ သေးသူများအား ပုံစံ(၃)ဖြင့် လျှောက်ထား ဆောင်ရွက်ခြင်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီသီခိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ပြည်သူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင်ပါဝင်နိုင်စေရေး၊ အချက်အလက်များ ပြည်စုံမှန်ကန်စေရေးတို့အတွက် ယနေ့နံနက် ၁၀ နာရီက ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကွင်းဆင်းရာတွင် မြို့နယ်မဲစာရင်း စိစစ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟို ဦးဆောင်၍ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်းတွင် ပါဝင်သည့် အမည်စာရင်း မှန်၊ မမှန်၊ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မိမိအမည်စာရင်းမပါဝင်သင့်ဘဲ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄/က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ခရိုင်(ပြန်/ဆက်)




လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၀၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်နှင့် ချင်းပြည်နယ် ပြည်နယ်၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ



**ဟားခါး နိုဝင်ဘာ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်နှင့် ချင်းပြည်နယ် ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဥပဒေဘောင်အတွင်းစည်းရုံး**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေဘောင်အတွင်း၌သာ စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ဆန္ဒမဲကို လွတ်လွတ်လပ်လပ် မဲပေးနိုင်ရန်နှင့် MEVM မဲပေးစက်အပေါ် ယုံကြည်မှုရှိရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအရာရှိ ဦးကျော်စိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပါတီအသီးသီးမှ ကိုယ်စားလှယ်များက တင်ပြလိုသည့်အချက်များကိုတင်ပြကြကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

**သရက် နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက သရက်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ သရက်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး သရက်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကား ပြောကြားသည်။

ယင်းနောက် အခြေခံပညာ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပထမဆုရရှိသူများက ပြန်လည်ဖျော်ဖြေခဲ့ကြပြီး "အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း" "Never Stop Learning Talk Show" တွင် ပါဝင်ဆွေးနွေးသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အခြေခံပညာ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူက ဆုများ ချီးမြှင့်ပေးအပ်သည်။



သရက်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခြင်း "အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း" "Never Stop Learning Talk Show" တွင် စာရေးဆရာမ ခင်ဆွေဦးရေးသားသည့် "ဒို့တိုင်း၌ာနီ" စာအုပ်အား ဆွေးနွေးခြင်း၊ သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လုပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ တစ်ဦးချင်း ဂိုးသွင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက ပျော်ပျော်ပါးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ မြောင်းမြမြို့တွင် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**မြောင်းမြ နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက မြောင်းမြမြို့တွင် ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၇ ရက်ကစတင်၍ ဆောင်ရွက်သည်။



**ပေးအပ်**

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မြောင်းမြခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခုတင် ၂၀၀ ဆံ့ မြောင်းမြ ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးများ အခမဲ့ ခွဲစိတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည့် ငွေများကိုလည်းကောင်း၊ အစာအာဟာရအတွက် မုန့်နှင့် ကြက်ဥများကို လည်းကောင်း၊ ကလေးများအတွက် ကစားစရာအရုပ်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တာဝန်ရှိသူများသည် မြို့ဟောင်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးရေးရာအဖွဲ့များနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုများ အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်း၊ ထီး၊ အင်္ကျီ၊ တီရှပ်နှင့် ဦးထုပ်များ ပေးအပ်လှူဒါန်းခြင်း၊ G-12 ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**



# ဒက္ခိဏသီရိမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာရှိ ဒိုးနွယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဝင်းဘို၏ မြေပဲ ၂ ဒသမ ၅ ဧကရှိ ဆင်း(၁၁) တွန်တာနီမြေပဲမျိုးများ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)မှ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် သမဝါယမဆီစက်များမှ ကုန်ကြမ်းလုံလောက်စွာရရှိရေးအတွက် သမဝါယမအသင်းသားတောင်သူများက အထွက်တိုးကောင်းမွန်သော အထွက်တိုးမျိုးများကို စနစ်တကျစိုက်ပျိုးရေး ပန်းတိုင်အထွက်တိုးရရှိအောင် တာဝန်ရှိသူများက လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီများ ပံ့ပိုးပေးအပ်



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်၊ ဆီများ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မော်ရော အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ပံ့ပိုးပေးအပ်ပွဲတွင် လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးခင်မောင်ဦးတို့က ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန် လေးအိတ်၊ ဆီ ၂၄ ပိဿာကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်**
**(ပြန်/ဆက်)**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
## စွမ်းအင်လည်းရ ပြည်လည်းလှ

# သီရိလင်္ကာ၌ ဆိုင်ကလုန်းမုန်တိုင်းဒစ်ဝါကြောင့် သေဆုံးသူ ၁၃၂ ဦးရှိလာ

## အများပြည်သူဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာထား

**ကိုလံဘို နိုဝင်ဘာ ၂၉**

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့်ရက်များအတွင်း တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါ (Ditwah) ကြောင့် သေဆုံးသူ ၁၃၂ ဦးအထိ မြင့်တက်လာပြီး ၁၇၀ ပျောက်ဆုံးနေကြောင်း သီရိလင်္ကာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာ (ဒီအမ်စီ) က နိုဝင်ဘာ ၂၉ ရက်တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းပြည်နယ် ကန်ဒီခရိုင်၌ သေဆုံးသူ ၅၁ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည့်အတွက် မုန်တိုင်းဒဏ်အသင့်ဆုံး ခရိုင်အဖြစ် အစီရင်ခံဖော်ပြထားသည်။ လတ်တလောတွင် မုန်တိုင်းဒစ်ဝါကြောင့် မိသားစု ၁၀၂၈၇၇ စုမှ လူပေါင်း ၃၇၃၄၂၈ ဦး ဘေးသင့်မှုဖြစ်ပွားပြီး ခရိုင်အများအပြားမှာ လူပေါင်းထောင်နှင့်ချီ ဘေးလွတ်ရာတိမ်းရှောင်နေကြရကြောင်း ဒီအမ်စီက ပြောသည်။

နောက်ဆုံးထုတ်ပြန်ချက်များအရ လူပေါင်း ၄၃၈၂၅ ဦးကို ဘေးကင်းလုံခြုံရေးစင်တာ ၄၈၈ ခုသို့ ရွှေ့ပြောင်းပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုများက မြစ်ရေမျက်နှာပြင်များ ပိုမိုမြင့်တက်စေပြီး မြစ်အများအပြားတွင် ရေကြီးရေလျှံမှုအန္တရာယ် တိုးလာနေကြောင်း ဆည်မြောင်းဦးစီးဌာနက သတိပေးထားသည်။

အခြားသတင်းတစ်ရပ်တွင် သမ္မတ အနုရာကုမာရာ ဒစ်စနာယာကေက သီရိလင်္ကာနိုင်ငံ၌ ရာသီဥတုနှင့်ဆက်စပ်သော ဘေးအန္တရာယ်ကို အဆိုးရွားဆုံးရင်ဆိုင်နေရသောကြောင့် နိုဝင်ဘာ ၂၈ ရက်မှ စတင်အသက်ဝင်ကာ အများပြည်သူဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားသည်။ **ဆင်ဟွာ**



ကိုလံဘိုမြို့ ဆင်ခြေဖုံးဒေသ၌ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

# ယမန်နှစ်အတွင်း ကမ္ဘောဒီးယား၌ HIV/AIDS ကြောင့် သေဆုံးသူ ၁၀၀၀ ရှိ၊ ၉ ရာခိုင်နှုန်းကျဆင်း

**ဖနောင်ပင် နိုဝင်ဘာ ၂၉**

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ HIV/AIDS ကြောင့် သေဆုံးသူ ၁၀၀၀ ခန့်ရှိပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြောသည်။

နိုဝင်ဘာ ၂၆ ရက် ရက်စွဲဖြင့် နိုဝင်ဘာ ၂၈ ရက်က မီဒီယာသို့ ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း HIV ကူးစက်မှု ၁၂၀၀ နီးပါးရှိသည်ဟု မှတ်တမ်းတင်ထားပြီး ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်း လျော့ကျသွားသည်ဟု ဝန်ကြီးချုပ်က ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ HIV/AIDS ဖြစ်ပွားသူ ၇၆၀၀၀ ခန့်ရှိပြီး ၎င်းတို့ထဲမှ ၇၁၇၁၆ ဦးမှာ အေအာတီဆေးဝါးများဖြင့် ကုသမှုခံယူနေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ယင်းကဲ့သို့ အောင်မြင်မှုများရှိသော်လည်း ကူးစက်ခံရသည်ကို သတိမပြုမိသူ ၄၀၀၀ ကျော်ခန့်ရှိပြီး ၎င်းတို့မှာအေအာတီ ဆေးဖြင့် ကုသမှုခံယူခြင်းမရှိသေးဟု ဒီဇင်ဘာ ၁ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ မတိုင်မီ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အိတ်ချ်အိုင်ဗွီကူးစက်မှုအသစ်များကို လျှော့ချနေပြီး နှစ်စဉ် AIDS ကြောင့် လူသေဆုံးမှုကို ၂၀၀ အောက်လျှော့ချရန် ကြိုးပမ်းနေကြောင်း ဝန်ကြီးချုပ်က ပြောသည်။ **ဆင်ဟွာ**

# အာဖရိကဒေသတွင် ကာလဝမ်းနှင့် မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၈၀၀၀ ကျော်လာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၂၉**

အာဖရိကဒေသရှိ နိုင်ငံအများအပြားတွင် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ကာလဝမ်းရောဂါနှင့် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုများကြောင့် လူပေါင်း ၈၀၀၀ ကျော် အသက်ဆုံးရှုံးပြီးဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ) က ပြောကြားသည်။

အာဖရိကဒေသတွင် ယခုနှစ်အစပိုင်းမှစတင်ကာ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၂၀၀၈ ဦးရှိကြောင်း၊ အတည်ပြုရောဂါဖြစ်ပွားသူပေါင်း ၄၀၁၃၈ ဦးနှင့် သေဆုံးသူပေါင်း ၉၅၂ ဦးရှိကြောင်း၊ မျောက်ကျောက်ရောဂါတုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများမှာ အပြုသဘောဆောင်သော ရလဒ်များကို ပြသနေပြီး မေလဝန်းကျင်က အမြင့်ဆုံးဖြစ်ပွားခဲ့သည့် ပမာဏနှင့်နှိုင်းယှဉ်လျှင် မကြာသေးမီ သီတင်းပတ်များအတွင်း အတည်ပြုရောဂါဖြစ်ပွားသူများနှင့် သံသယဖြစ်ဖွယ်လူနာများမှာ ကျဆင်းလာကြောင်း သိရသည်။

ထို့အပြင် ကာလဝမ်းရောဂါဖြစ်ပွားမှုများကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာမှုနှင့်ပတ်သက်ပြီး အာဖရိက စီဒီစီက သတိပေးထားသည်။ ယခုနှစ် အစပိုင်းမှစတင်ကာ အာဖရိကဒေသရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသူပေါင်း ၃၀၈၉၃၅ ဦးနှင့် သေဆုံးသူပေါင်း ၇၁၃၁ ဦးရှိသည်ဟု အာဖရိက စီဒီစီက ပြောသည်။

ယခုနှစ်အတွင်း အာဖရိကဒေသတွင် ကာလဝမ်းရောဂါဖြစ်ပွားသည့် နိုင်ငံအရေအတွက် သိသိသာသာ မြင့်တက်လာမှုနှင့်ပတ်သက်ပြီး စိုးရိမ်မိကြောင်း အာဖရိကစီဒီစီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဆင်ဟွာ**

# အဲဘတ်စ်က ကမ္ဘာလုံးဆိုင်ရာ ဆော့ဝဲလ်အဆင့်မြှင့်တင်ရန် ညွှန်ကြားပြီးနောက် ဖိလစ်ပိုင်နိုင်ငံ၌ လေယာဉ်ခရီးစဉ် ၈၂ ခု ပယ်ဖျက်

**မနီလာ နိုဝင်ဘာ ၂၉**

ဥရောပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အဲဘတ်စ် (Airbus) က A320 နှင့် A321 လေယာဉ်သည် ဆော့ဝဲလ်ချက်ချင်းအဆင့်မြှင့်တင်ရန် လိုအပ်သည့် ကမ္ဘာလုံးဆိုင်ရာနည်းပညာ အကြံပေးချက်များ ထုတ်ပြန်ပြီးနောက် နိုဝင်ဘာ ၂၉ ရက်တွင် ဖိလစ်ပိုင်လေကြောင်းလိုင်းက လေယာဉ်ခရီးစဉ် ၈၂ ခုထက်မနည်းကို ပယ်ဖျက်ခဲ့ကြောင်း ယာယီသယ်ယူပို့ဆောင်ရေးဝန်ကြီး ဂျီဟိုဗန်နီလော့ပက်ဇ်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အဲဘတ်စ်၏ သတိပေးချက်လက်ခံရရှိပြီးနောက် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က သက်ရောက်မှုရှိသည့် ဖိလစ်ပိုင်လေကြောင်းလိုင်း သုံးခုမှာ လေယာဉ်လည်ပတ်မှုများကို ချက်ချင်းရပ်တန့်ခဲ့ကြောင်း လော့ပက်ဇ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံတကာခရီးစဉ် ခြောက်ခုနှင့် ပြည်တွင်းခရီးစဉ်ငါးခု နှောင့်နှေးမှုဖြစ်ပေါ်ခြင်း အပါအဝင် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းအထိ လေယာဉ် ၉၃ စင်းကို ထိခိုက်မှုရှိကြောင်း ဖိလစ်ပိုင်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့




(စီအေအေပီ) က ပြောကြားသည်။

လေယာဉ်အများအပြားမှာ နိုဝင်ဘာ ၂၉ ရက် မွန်းတည့်ချိန်အထိ အဆင့်မြှင့်တင်မှုများ ပြီးစီးပြီဖြစ်ပြီး လေယာဉ်အားလုံးမှာ နိုဝင်ဘာ ၃၀ ရက်တွင် အဆင့်မြှင့်တင်မှုအားလုံး ပြီးဆုံးရန် အာဏာပိုင်များက ခန့်မှန်းထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း၌ အရည်အသွေးနိမ့်သည့်စက်သုံးဆီ တန် ၁၀၀ ကို ဖျက်ဆီး

**ကဘူးလ် နိုဝင်ဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ် အက်လမ်ကာလာနယ်စပ် အကောက်ခွန်ဌာန၌ စံချိန်စံညွှန်းမမီသည့် ရေနံထွက်ကုန် တန် ၁၀၀ ကို အာဏာပိုင်များက ဖျက်ဆီးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာ တိုလိုနယူးစ်က နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ထားသည်။

သိမ်းဆည်းရမိသော ပစ္စည်းများမှာ လုပ်ငန်းသုံးယာဉ်များ အသုံးပြုကာ မှောင်ခိုသမားများက နိုင်ငံအတွင်းသို့ လျှို့ဝှက်စွာပို့ဆောင်ခဲ့သော အသုံးပြု၍မရတော့သည့် ဓာတ်ဆီနှင့်ဒီဇယ်ဆီများ ပါဝင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အရည်အသွေးနိမ့်စက်သုံးဆီ သို့မဟုတ် တရားမဝင်တင်သွင်းသည့် စက်သုံးဆီများ ဝင်ရောက်မှုမှ ကာကွယ်ရန် နိုင်ငံတစ်ဝန်း နယ်စပ်စစ်ဆေးရေးဂိတ်များထားရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာမူဒါယာဘာဆင်မှ တစ်ရက်လျှင် စက်သုံးဆီ တန် ၃၀၀၀ အထိ ထုတ်လုပ်မှုတိုးမြှင့်ရန် ပြီးခဲ့သည့်နှစ်က စီစဉ်ခဲ့ကြောင်း အာဖဂန်အစိုးရက ကြေညာခဲ့သည်။ **ဆင်ဟွာ**

# သြစတြေးလျမှ ရှေးဟောင်းပစ္စည်း ၁၇ ခု အီဂျစ်ပြန်လည်လက်ခံရရှိ

**ကိုင်ရို နိုဝင်ဘာ ၂၉**

အီဂျစ်နိုင်ငံသည် တရားမဝင် မှောင်ခိုထုတ်သွားသော ရှေးဟောင်းပစ္စည်း ၁၇ ခုကို သြစတြေးလျနိုင်ငံမှ ပြန်လည်ရရှိခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ပြောသည်။

ယင်းရှေးဟောင်းပစ္စည်းများသည် ရှေးဟောင်းအီဂျစ်သမိုင်း၏ မတူညီသော ခေတ်ကာလများမှဖြစ်သည်ဟု အဆိုပါဌာနက ပြောသည်။ ပြန်လည်ပို့ဆောင်ခြင်းသည် အီဂျစ်နှင့် သြစတြေးလျနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် နှစ်ပတ်လည်နှင့် တိုက်ဆိုင်နေကြောင်း၊ အထူးသဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကို ကာကွယ်ရာတွင် အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုကိုထင်ဟပ်စေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စက်တင်ဘာလအတွင်း သြစတြေးလျတရားရုံးက ပုဂ္ဂလိကကုမ္ပဏီတစ်ခုအား အီဂျစ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် အမိန့်ချမှတ်ခဲ့ပြီးနောက် ယင်းရှေးဟောင်းပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးပြန်လည်ရရှိသည့် ရှေးဟောင်းပစ္စည်းများကြောင့် အီဂျစ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ခိုးယူခံရသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ပြန်လည်ရရှိရေး ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ပြန်လည်ရရှိမှုစာရင်းတွင် နောက်ထပ်အောင်မြင်မှုကို ထပ်ပေါင်းထည့်လိုက်နိုင်ပြီ ဖြစ်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အီဂျစ်နိုင်ငံသည် နိုင်ငံအသီးသီးမှ မှောင်ခိုထုတ်ခံရသည့် ရှေးဟောင်းပစ္စည်း ထောင်ပေါင်းများစွာကို ပြန်လည်လက်ခံရရှိခဲ့ကြောင်း သိရသည်။


**ဆင်ဟွာ**

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို ချိတ်ပိတ်သိမ်းဆည်းမှုမှတ်တမ်းပုံ။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် လေးထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ငါးထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ငါးထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ခြောက်ထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ခုနစ်ထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။

❏ *ကျော့ဖုံးမှ*

အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၂ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိတရားမဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံး အနက်အလုံး ၂၇၀ ကိုဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများနှင့် ဟိုတယ်များဖြစ်သော နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး၊ ငါးထပ်အဆောက်အအုံ ၁၅ လုံး၊ ခြောက်ထပ် အဆောက်အအုံ သုံးလုံး၊ ခုနစ်ထပ်အဆောက်အအုံ လေးလုံး၊ ရှစ်ထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လက်ကိုင်ဖုန်းနှင့်အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံး



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ရှစ်ထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။

ပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၃၅ လုံးကို တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံ ၃၅ လုံး၊ ခုနစ်ထပ်အဆောက်အအုံ တစ်လုံး၊ ၁၃ ထပ်အဆောက်အအုံ တစ်လုံး၊ စုစုပေါင်း ၃၇ လုံးကို ချိပ်ပိတ်နိုင်ခဲ့ရာ စုစုပေါင်း ၁၀၁ လုံးအထိ ချိပ်ပိတ်သိမ်းဆည်းပြီး ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀၊ starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီး ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ် ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၁၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၈၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူသားဂုဏ်ရည်

ဦးသူတော်

**စာဖတ်သူနဲ့ စာရေးသူတို့ ယနေ့ စိတ်ဝင်စားစရာကောင်းတဲ့အကြောင်းအရာ တစ်ခုအကြောင်း ဆွေးနွေးကြရင် အကျိုးရှိမယ်ထင်တယ်။ စာဖတ်သူ သိပြီးသားတွေလည်း ပါမှာပေါ့။ မသိသေးတဲ့အချက်တွေလည်း ပါကောင်းပါနိုင်ပေတာပေါ့။ ပိုပြီး တိတိကျကျ၊ ကျယ်ကျယ်ပြန့်ပြန့် သိလာရရင် ကောင်းကျိုးရစေမယ့် ဗဟုသုတတွေပါ။**

> **“ မျက်စိအောက်မှာတင်ပဲ ပျောက်ပျက်နိမ့်ပါးသွားကြသူတွေ သာဓကပမာ ပြစရာ အများကြီးရှိပါတယ်။ တကယ်တော့ လူ့ကျင့်ဝတ်ဖောက်ပြားပြီး အမှားတွေ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူအချို့ဟာ ရာထူးစည်းစိမ်ရှိနေစဉ်မှာတော့ မေးမော့၊ လည်တိုင်ကျော့ကျော့၊ မိုးမမြင်လေမမြင် ဆောင့်ကြွားကြွားနဲ့ မာနပုံဟန် အထင်အရှားတွေ့ခဲ့ရပေမယ့် တရားဥပဒေချိုးဖောက်ညှိစွန်းမှုတွေ တစ်ခုပြီးတစ်ခု ပေါ်လွင်ထင်ရှားလာတဲ့အခါမှာတော့ သူ့ဘဝဟာ ကိုယ်ကျင့်တရား အမြစ်ပိုင်းက စတင်ပျက်စီးခဲ့ပြီမို့ ပင်စည်ပြိုလဲရပြီပေါ့။ အရင်းလဲကျတော့ အဖျားထင်းဖြစ်ကြပြီပေါ့ ”**

ပြောပြချင်တဲ့ အဓိကအကြောင်းအရာကတော့ “လူသားဂုဏ်ရည်”ပါ။ ကျွန်တော်တို့၊ ခင်ဗျားတို့ အားလုံးက လူသားဂုဏ်တူစုထဲမှာ ပါနေကြတာမို့ လူသားအကြောင်း သိစရာတွေ အများကြီးရှိနေတဲ့ အထဲမှာ ယခုစာရေးသူတင်ပြမယ့် ချဉ်းကပ်ပုံနဲ့ မြင်ရတဲ့အမြင်ကို ဖော်ပြချင်ပါတယ်။

လူသားဆိုလို့ ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်တဲ့ လူကြီးလူငယ်၊ ကလေးသူငယ်မှစလို့ ယောကျ်ား၊ မိန်းမတွေစိတ်ထဲမှာ ပေါ်လာရင် ခဏထားလိုက်ဦးလို့ ပြောပါရစေ။ နတ်မျက်စိနဲ့ ကြည့်သလို၊ အဆအထောင်အသောင်းနဲ့ချဲ့ပြီး မြင်ရတဲ့ မှန်ဘီလူးမှန်ပြောင်းကြီးနဲ့ ကောင်းကင်ရှိကြယ်တွေ၊ လတွေကိုပါ အနီးကပ်၊ အသေးစိတ် မြင်ရသလို အမြင်ကျယ်ကျယ် မြင်ကွင်းကျယ် ကြည့်စေလိုတယ်။ အဲဒါကတော့ သုံးဆယ့်တစ်ဘုံဆိုတဲ့ ဘူမိအမြင်။

လူသားဘဝကို အကြောင်းတိုက်ဆိုင်လို့ ရောက်လာကြတဲ့ စာရေးသူနဲ့ စာဖတ်သူတို့ဟာ ထူးခြားဆန်းကြယ်စွာပဲ ဒီအချိန်၊ ဒီနေရာမှာ ကျွန်တော်တင်ပြရေးသားတာကို ခင်ဗျားက ဖတ်ရှုလေ့လာနေတယ်။ တွေ့ဆုံနေကြတယ်။ ကျွန်တော်တို့ နှစ်ဦးစလုံးဟာ အသိဉာဏ်ရှိတယ်။ မြန်မာစာ၊ မြန်မာစကားတတ်ကြတယ်။ ရေးသူက ရေးတယ်။ ဖတ်သူက ဖတ်တယ်။ အချိန်ကာလအားဖြင့် ရက်၊ လ၊ နှစ်ကွာချင်လည်း ကွာမယ်၊ မကွာချင်လည်း မကွာဘူး။ ကျွန်တော်တင်ပြတာကို စာဖတ်သူ ဖတ်ခွင့်မြင်ခွင့်ရနေတယ်။

စာဖတ်သူမှာ မြင်နိုင်စွမ်း၊ ကြားနိုင်စွမ်း တွေးတောဆင်ခြင်နိုင်စွမ်း စတဲ့ လူသား အရည်အသွေးတွေ ပြည့်စုံပြီးသား ရှိနေလို့ဗျာ။ လူဖြစ်လာခဲ့တာ ကံကောင်းတယ်။ အသိဉာဏ်ရှိခဲ့တာ ပိုကံကောင်းတယ်။ စာရေးသူလို လူ့ဘဝကို ပိုပြီး တန်ဖိုးမြင့်အောင် အမြင်ရရှိစေပြီး လူသားဂုဏ်ရည် တိုးတက်စေချင်တဲ့ လူနဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံရတာတော့ စာဖတ်သူရဲ့ဘဝမှာ ကံအကောင်းဆုံးအကြောင်းတွေများစွာထဲမှာ တစ်ခုအပါအဝင် ဖြစ်လိမ့်မယ်ဗျာ။

အောင်မယ်လေး။ ကျွန်တော်က / ကျွန်မက အဘိဓမ္မာသင်တန်း(ရိုးရိုး)ကော၊ အဆင့်မြင့် ဘာသာရေးသင်တန်းတွေ၊ တရားစခန်းတွေ တက်ခဲ့ဖူးပြီးသားပါ။ ဒါတွေ အကုန်သိခဲ့ပြီးသားပါ ဆိုရင်တော့ ကံအကောင်းဆုံးတွေ စုပြုံနေခဲ့ပြီလို့ ပြောရပေမှာပေါ့။

**လူ့ဘဝဟာ အမြင့်ဆုံးဘုံတော့ မဟုတ်ပါဘူး။**

လောကီစည်းစိမ်ပေတံနဲ့ တိုင်းတာရင် သူ့ထက်စည်းစိမ်အရာပိုမိုသာယာ ကောင်းမွန်တဲ့ နတ်ဘုံ၊ နတ်ပြည် ခြောက်ထပ်ရှိပါသေးတယ်။ အဲဒါထက် ပိုပြီး အထက်တန်းကျတဲ့ ဗြဟ္မာ့ဘုံ ၂၀ လည်း ရှိပါသေးတယ်။ အဘိဓမ္မာသင်တန်းများ တက်ဖူးပြီးသား ပုဂ္ဂိုလ်များတော့ သိကြပြီးသားမို့ အသေးစိတ်မတင်ပြတော့ပါ။ ဒီဆောင်းပါးကတော့ အကျဉ်းမျှသာ ဖော်ပြပြီး လိုရင်းတိုရှင်း လူသားဂုဏ်ရည်သာ ဦးစားပေး ဆွေးနွေးမှာကိုး။ လူသားဘဝဖြစ်တည်မှုရဲ့ ထူးခြားချက်ကတော့ ဗြဟ္မာ့ဘုံ၊ နတ်ဘုံမှာ သုံးလောက ထွတ်ထားဘုရားမပွင့်ဘဲ သုခ၊ ဒုက္ခ နှစ်ရပ်စလုံးရှိတဲ့ လူ့ဘဝ၊ လူ့ဘုံမှာသာပွင့်တဲ့ ဂုဏ်ပါပဲ။ ဒါကြောင့် မနုဿတ္တဘာဝေါ၊ ဒုလ္လဘော၊ လူ့ဘဝဟာ ရခဲလှတယ်။ တန်ဖိုးရှိတယ် ဆိုနိုင်ပေတာပေါ့။

လူ့ဘုံထက်ကြောက်စရာ ကောင်းလောက်အောင် ဆင်းရဲဒုက္ခပူလောင်ခါးသီးမှုတွေ ခံစားနေကြရတဲ့ ဘုံတွေရှိကြပေသေးတယ်။ သိတဲ့အတိုင်း (ငရဲ၊ တိရစ္ဆာန်၊ အသူရကယ်၊ ပြိတ္တာ)ဆိုတဲ့ ဘဝမျိုးတွေပဲ။ ငရဲဆိုရာမှာတောင် ထပ်မံခွဲခြားရင် အမျိုးအစားအားဖြင့် ငရဲကြီးရှစ်ထပ် ရှိသေးသတဲ့။ အသေးစိတ်မပြောတော့ပါ။ အမည်နာမတွေလည်း ဘာငရဲ၊ ညာငရဲ မမှတ်မိလို့ပါ။ ဆိုးတယ်၊ ဆိုးတယ်။ ကြောက်စရာလန့်စရာကောင်းအောင် ဆိုးရွားတဲ့ ဘဝမျိုးတွေပါ။ သက်တမ်းလည်း အကြာကြီးနေရတယ်။

လူတွေထောင်ကျရင် ခြောက်လ၊ တစ်နှစ်စသဖြင့် အလွန်ဆုံး အနှစ် ၂၀ ဆိုတာလောက်ပါ။ ငရဲခံရတဲ့သက်တမ်းကာလကတော့ ချိုးကပ်အောင် မီးမြိုက်ခံရတာ၊ နှစ်ပေါင်း ထောင်သောင်းတောင် ကြာသတဲ့။ ဒါကိုသိထားရင် သတိပြုနိုင်တာပေါ့။

လူသားတစ်ယောက်ရဲ့ဘဝဟာ အချိန်အပိုင်း အခြားရှိတယ်။ တိုတိုပြောကြစို့၊ ဘာမှ မသိနားမလည်သေးတဲ့ ကလေးဘဝ၊ လူငယ်ဘဝ၊ မိဘရဲ့ ပြုစုကျွေးမွေးမှုနဲ့ ရှင်သန်ရတယ်။ လူငယ်ဘဝ၊ ပညာရှာရ၊ ဥစ္စာရှာရ၊ ကြင်ဖော်ရှာရ၊ သားတွေ သမီးတွေမွေးရ၊ ကျွေးရ။ နောက်တော့ လူအိုလူမင်းဘဝ၊ အိုမင်းမစွမ်းအပိုင်း အခြားမှာတော့ ဗျာဓိခေါ် နာခြင်းတရားတွေက အမျိုးမျိုးဖိစီးနှိပ်စက်ခံပေရော့။ ပြီးတော့ နောက်ဆုံးဆိုက်တဲ့ဘူတာက သေလွန်ခြင်း။ ဘဝတစ်ပါးသို့ ပြောင်းရခြင်း။ ဘဝတစ်ခုနိဂုံးချုပ်သွားပြီ။ လူဖြစ်လာချိန်မှစပြီး အရွယ်က ရင့်ရော်အိုမင်းခြင်း၊ ဇရာ။ နာခြင်း ဗျာဓိနဲ့ သေခြင်း မရဏဆိုတဲ့ အချက်သုံးခုက ဘယ်လူမဆို တွေ့ကြုံရမယ့် နိယာမ ဆင်းရဲခြင်းတရားပါပဲ။ ရှောင်လွှဲလို့မရ။ လူ့ဘုံမှာမှ ရှိတာတော့မဟုတ်ဘူး။ ၃၁ ဘုံလုံး အကုန်လုံးဟာ ဖြစ်ခြင်း၊ မမြဲခြင်း၊ ပျက်ခြင်းဆိုတဲ့ အနိစ္စသဘောမှာ အကျုံးဝင်ကြတယ်။

အရာရာဟာ မမြဲခြင်း၊ ဆင်းရဲခြင်း၊ မိမိမပိုင်ခြင်း၊ မိမိပိုင်မဟုတ်ခြင်း၊ တကယ်တော့ ငါ၊ မိမိဆိုတာဟာလည်း တကယ်မရှိဘဲ ထင်မှတ်ခြင်းသာပဲ။ ရုပ်ခန္ဓာ၊ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု၊ သိမှုဆိုတဲ့ ဖွဲ့စည်းမှုအစုတွေရဲ့ အကြောင်းတိုက်ဆိုင်စွာနဲ့ ဖြစ်ခြင်း၊ ရွေ့လျော ရင့်ရော်ခြင်း၊ ပျက်စီးပြိုကွဲချုပ်ငြိမ်းခြင်း(အနိစ္စ၊ ဒုက္ခ၊ အနတ္တ) လက္ခဏာရေး သုံးပါးသာ အကြောင်းအကျိုး ကွင်းဆက်သဘောဖြစ်နေခြင်းပါပဲ။

လူ့ဘဝက ဒုက္ခဘုံ ဆင်းရဲခြင်းသက်သက်လား။
ဒီလိုလည်း အဆိုးမြင်သဘောထားမရှိရပါ။
လွတ်မြောက်ရာလမ်းလည်း ရှိပြီးသားပါ။
ဘယ်လိုသွားမှ လွတ်မြောက်ငြိမ်းချမ်းမှာလဲ။
ယခု ဒီဆောင်းပါးလေးဖတ်ရုံနဲ့တော့ မရပါ။

ဒါပေမယ့် အမှန်တရား သမုတိသစ္စာသတ်မှတ်ချက်ထက် ကျော်လွန်တဲ့ ပရမတ္ထ သစ္စာ၊ အစစ်အမှန်တရား လေးပါးကို ထိုးထွင်းသိမြင် သဘောပေါက်လာရင်တော့ ဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်ဆိုတဲ့အရာကို မသေလွန်ခင်လည်း ရနိုင်ရောက်နိုင်တာပါပဲ။

ဗုဒ္ဓဘာသာဆိုတာ အဆိုးမြင်ဝါဒ မဟုတ်သလို အကောင်းမြင်ဝါဒလည်း မဟုတ်ပါ။ အကြွင်းမဲ့အမှန်တရားသိအောင် ဉာဏ်အမြင်ဆိုက်ရောက်ရှိသွားခွင့် လူတိုင်းမှာ ရှိတယ်။ အနုအရင့်၊ အချိန်ကာလ အနှေးအမြန်တော့ လူချင်းတူပေမယ့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံနဲ့ ဉာဏ်ရယ်၊ ဝီရိယရယ်၊ ဆရာသမားကောင်း၊ ဆရာတော်ဘုရားများရဲ့ ကြပ်မတ်ပြသွန်မှုရယ်၊ ပေါင်းဆုံလိုက်ရင် ရည်မှန်းချက် ပေါက်ရောက်နိုင်ပါတယ်။

အတိတ်ဆိုတာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အမှန်စင်စစ်တော့ ကုန်လွန်ပြီးမြောက်ခဲ့ပြီးပြီ။ တကယ်မရှိတော့ဘူး။ ပျောက်ပျက်သွားပြီးပြီ။

**အတိတ်ကို တမ်းတလွမ်းဆွတ်မနေနဲ့။**

အနာဂတ်ဆိုတာကတော့ ကောင်းတာတွေ ဖြစ်လာမှာလား၊ ဆိုးတာတွေ တွေ့ရမှာလား၊ ရှေ့ခရီးဟာ အတက်လား၊ အဆင်းလား၊ ဆင်းရဲမှာလား၊ ချမ်းသာမှာလား အတွေးတွေများမနေနဲ့။ အင်္ဂလိပ်လိုတော့ Over Thinking အတွေးလွန်ခြင်း အလွဲတွေနဲ့ အချိန်မကုန်စေနဲ့။ အကျိုးဘာမှ မရနိုင်ပါဘူး။

စနစ်တကျနဲ့ အကြောင်းအကျိုးယုတ္တိရှိရှိ စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ရပေမယ်။ ပစ္စုပ္ပန်ပကတိလက်ရှိအခြေအနေကို အမှန်အတိုင်း ရှုမြင်နိုင်အောင် ကြည့်ရမယ်။

**ဘဝင်မြင့်စရာမဟုတ်။ မာနမထောင်လေနဲ့။**

စိတ်ခတ်ကျစရာမဟုတ်။ ဘယ်ဟာမှမမြဲလို့ ချမ်းသာက မမြဲသလို ဆင်းရဲရင်လည်း အမြဲမဟုတ်။

သူသူငါငါ လူတွေဟာ လူ့ဘဝကို ခဏတာ အလည်လာကြတာလို့မြင်ပါ။ သူတစ်ပါးဟာ ငါလိုပဲ ဆင်းရဲကင်းဝေးချင်တယ်၊ အေးချမ်းလုံခြုံပျော်ရွှင်ချင်ကြတယ်။ ဒီယေဘုယျကျတဲ့အချက်ကို သိထားရမယ်။ မိမိကို သူတစ်ပါးက ဒုက္ခပေးတာ နှောင့်ယှက်တာကို မကြိုက်သလို သူတစ်ပါးမကြိုက်အောင် ထိပါးကျူးလွန်၊ စော်ကား၊ အနိုင်ကျင့်မှု မပြုသင့်ပါ။

လူဆိုတာ လူမှုအသိုက်အဝန်းနဲ့ ဖွဲ့စည်းထူထောင်ပြီး ပေါင်းသင်းဆက်ဆံနေထိုင်ကြရတာပါ။ လူကောင်း၊ လူဆိုးအမျိုးမျိုးတော့ တွေ့ရမှာပဲ။ ငရဲဘဝကလာတဲ့လူ၊ တိရစ္ဆာန်ဘဝကလာတဲ့လူ၊ သူတို့ဟာ မိုက်ရိုင်းတယ်။ ကြမ်းတမ်းခက်ထန်တယ်။ လူ့ဘုံ၊ နတ်ဘုံကလာတဲ့သူတွေက စာနာတယ်၊ ယဉ်ကျေးတယ်၊ စိတ်ကောင်း စေတနာကောင်း ရှိကြတယ်။ ဒါနဗီဇတွေပါလာတဲ့ သူ့ရဲ့မျိုးစေ့သဘောပဲ။

ပတ်ဝန်းကျင်ကောင်းတာနဲ့တွေ့ရင် သူသူငါငါ ပြောင်းလဲမှုဟာ ကောင်းတဲ့ဘက် ရောက်လာနိုင်တယ်။ ပတ်ဝန်းကျင် ဆိုးမိုက်ကြမ်းတမ်းတာတွေက ဖုံးလွှမ်းခံရရင် ဆိုးသွားနိုင်ပါတယ်။

ဗီဇကြောင့်ဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးပြုပြင်ခံရလို့ပဲဖြစ်ဖြစ်၊ လူဟာပြောင်းလဲတတ်တယ်။ ကောင်းရာမှ ပိုကောင်းတာလည်း ဖြစ်နိုင်သလို၊ ဆိုးနေတာကနေ ပိုဆိုးသွားတာမျိုးလည်း ရှိတတ်တာပါပဲ။

ဘဝမှာတိုးတက်အောင်မြင်တဲ့ လူ့ဘဝ လူရာဝင်တဲ့၊ လူလေးစားခံရတဲ့အခြေအနေ ရောက်ချင်ရင်တော့ ကောင်းတဲ့ဘက်ကို ပြောင်းလဲနိုင်အောင် မိမိကိုယ်တိုင်ရော၊ မိမိပတ်ဝန်းကျင်ကိုပါ ပြောင်းလဲနိုင်အောင် အားထုတ်ကြိုးစားရပေမယ်။

လောကုတ္တရာလမ်းစဉ်ကတော့ ကိုယ့်ဘဝကိုယ် အဓိကထားပြီး ဝိပဿနာတရား အားထုတ်ရမယ် ပြောမှာပဲ။

စာရေးသူကတော့ မိမိကိုယ်ကိုကောင်းအောင်၊ ပိုပြီးကောင်းသထက်ကောင်းအောင် အရည်အသွေး ပြုပြင်လေ့ကျင့်မြှင့်တင်ရမယ်လို့ တင်ပြချင်ပါတယ်။

**ဘာနဲ့စမလဲ၊ ဘာက အခြေခံကျသလဲ။**

သစ်ပင်တစ်ပင်ကို ကြည့်လိုက်တဲ့အခါ အမြစ်ပိုင်း၊ ပင်စည်ပိုင်းနဲ့ အကိုင်းအခက်ပိုင်းရယ်လို့ သုံးပိုင်းကွဲပြားတာ မြင်ရတယ်မဟုတ်လား။ လူမှာလည်း အပိုင်းသုံးပိုင်း ခွဲခြားရှုမြင်နိုင်တာပဲ။

၁။ ကိုယ်ကျင့်တရားပိုင်း၊ စာရိတ္တ၊ သီလ

၂။ အသိပညာပိုင်းနဲ့ အတတ်ပညာပိုင်း

၃။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာပိုင်းရယ်လို့ အပိုင်းသုံးပိုင်း တွေ့ရမယ်။

သစ်ပင်မှာ အမြစ်ပိုင်းပျက်စီးသွားပါက ကျန်တဲ့ ပင်စည်ပိုင်းနဲ့ အကိုင်းအခက်ပိုင်းတို့လည်း ဘာမှ အသုံးမကျဘဲ ထင်းခြောက်ပမာသာပဲ ဖြစ်ရသလိုပေါ့။ လူ့ဘဝမှာလည်း ကိုယ်ကျင့်တရားပိုင်း ပျက်စီးမယ်ဆိုရင် ကျန်တဲ့ အသိပညာ၊ အတတ်ပညာပိုင်းကော၊ ရာထူးဂုဏ်သိန် စည်းစိမ်အပိုင်းကော အလွန်ကြောက်စရာကောင်းလောက်အောင် ညှိုးခြောက်ပျောက်ကွယ်သွားရပေတာပဲ။

မျက်စိအောက်မှာတင်ပဲ ပျောက်ပျက်နိမ့်ပါးသွားကြသူတွေ သာဓကပမာ ပြစရာအများကြီး ရှိပါတယ်။ တကယ်တော့ လူ့ကျင့်ဝတ်ဖောက်ပြားပြီး အမှားတွေ အကြိမ်ကြိမ် ကျူးလွန်ခဲ့သူအချို့ဟာ ရာထူးစည်းစိမ်ရှိနေစဉ်မှာတော့ မေးမော့၊ လည်တိုင်ကျော့ကျော့၊ မိုးမမြင်လေမမြင် ဆောင့်ကြွားကြွားနဲ့ မာနပုံဟန် အထင်အရှားတွေ့ခဲ့ရပေမယ့် တရားဥပဒေချိုးဖောက်ညှိစွန်းမှုတွေ တစ်ခုပြီးတစ်ခု ပေါ်လွင်ထင်ရှားလာတဲ့ အခါမှာတော့ သူ့ဘဝဟာ ကိုယ်ကျင့်တရားအမြစ်ပိုင်းက စတင်ပျက်စီးခဲ့ပြီမို့ ပင်စည်ပြိုလဲရပြီပေါ့။ အရင်းလဲကျတော့ အဖျားထင်း ဖြစ်ကြပြီပေါ့။

“ဩော်..ဖြစ်စဉ်ဖြစ်ရပ် မြင်ကွင်းတွေက လူ့ဘဝရဲ့ သမိုင်းသင်ခန်းစာ ဘာကို အထင်အရှား ပြသသွားခဲ့သလဲဆိုရင် “ကိုယ်ကျင့်တရား၊ ကျင့်ဝတ်” ဆိုတာ လူသားဂုဏ်ရည်အတွက် အရင်းအမြစ် အခြေခံသဘော (အရေးကြီးလှ) ပါတကား။ ရှေ့ကလူအများကို မကြည့်မြင်ဘဲ မော့တော့မော့တော့နဲ့ ချောက်ထဲကျင်းထဲ မှောက်လျက်မလဲပါစေနဲ့နော်။ ။

## မိုင်းရယ်မြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်

**မိုင်းရယ် နိုဝင်ဘာ ၂၉**

မိုင်းရယ်မြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က နမ့်ရယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးက ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း (၃)ပိုင်းဖြင့် ဆောင်ရွက်ရမည့် အခြေအနေ၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဲပေးခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရမည့်အခြေအနေများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံသည် သင်တန်းသို့ တက်ရောက်သင်ကြားသူများနှင့်အတူ သင်တန်းပို့ချနေမှုကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြော လက်တွေ့စမ်းသပ်မဲပေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၂၉**

ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်နှင့် အီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးရှင်းလင်းခြင်း၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မဲပေးသရုပ်ပြပွဲ အဖွဲ့ခေါင်းဆောင်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများကို ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို အသိပညာပေး ရှင်းလင်းပြောကြား၍ အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေးပြီး မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်းစသည့်မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

**ဇေယျာထွန်း (ပြန်/ဆက်)**



## သထုံမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန် ဆင့်ပွားသင်တန်းဖွင့်

**သထုံ နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စီစဉ်ကျင်းပသည့် မြို့နယ်အဆင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့အတွက် လုပ်ငန်းလမ်းညွှန် ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က လိပ်အင်းရပ်ကွက်ရှိ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းထွန်းမောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးချမ်းငြိမ်းခန့်က ဆင့်ပွားသင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သထုံမြို့နယ်အတွင်းရှိ မဲရုံစုစုပေါင်း ၈၀ တို့မှ မဲရုံမှူး၊ ဒုမဲရုံမှူး စုစုပေါင်း ၁၆၀ တက်ရောက်ကြပြီး နည်းပြသုံးဦးတို့က မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တို့ကို တစ်ရက်ကြာ ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှီးနှောဖလှယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းအမြင်ဖွင့် သင်တန်းဖွင့်

**နန်းယွန်း နိုဝင်ဘာ ၂၉**

နန်းယွန်းမြို့၌ နာဂဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နှီးနှောဖလှယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းအမြင်ဖွင့်သင်တန်းကို နိုဝင်ဘာ ၂၆ ရက်က နန်းယွန်းမြို့နယ် နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ ဂျူဗလီဟောခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းချမ်းအောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ နန်းယွန်းမြို့နယ်တာဝန်ခံ(N–Ca) ဒေါ်ကင်းလဲ့က သဘာဝထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ WWF–Myanmar အဖွဲ့တာဝန်ရှိသူ ဦးနေမျိုးရွှေက WWF အကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ သင်တန်းသား ၆၀ အား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဟန်ကမ်း(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းမြေပြင်အမှန် ကွင်းဆင်းကောက်ယူနေမှုအား ကြည့်ရှု

**ချောင်းဆုံ နိုဝင်ဘာ ၂၉**

ချောင်းဆုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေးအတွက် မဲဆန္ဒရှင်အမည် စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိမဲစာရင်းပါ မပါအား သိရှိနိုင်ရန်အတွက် နိုဝင်ဘာ ၂၈ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များက ကျေးရွာများ၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာမှုကို ပြည်သူများလာရောက်ကြည့်ရှုမှုအပြင် မဲစာရင်းများ



ပြည့်စုံမှန်ကန်စေရေးအတွက် မိမိရပ်ကွက်အတွင်းနေထိုင်သည့် အိမ်ထောင်စုအလိုက် မဲစာရင်းပါ မပါ တိုက်ဆိုင်စစ်ဆေး စာရင်းကောက်ယူနေမှုကို လိုက်လံကြည့်ရှုခဲ့ကြသည်။ **ကိုကျော်(ချောင်းဆုံ)**

## မိုင်းဆတ်ခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ



**မိုင်းဆတ် နိုဝင်ဘာ ၂၉**

မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ နိုဝင်ဘာ ၂၇ ရက်က အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက်က ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒက္ခိဏသီရိမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ဝင်းသီရိလှိုင်က ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရေး၊ အားကစားနည်းစနစ်များ၊ အားကစားနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက လူငယ်နှင့်အချိန်၏တန်ဖိုး ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်း အမေးအဖြေကဏ္ဍတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်၍ အားကစားပစ္စည်းများကိုပေးအပ်ရာ ယာယီကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။ **အောင်သူရဦး(ဒက္ခိဏ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပဲခူး နိုဝင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အတွင်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများနှင့် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၆ ရက်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၊ ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မြင့်လွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် အမှတ် (၄)ရပ်ကွက်၊ အထက (၂) ဆရာကွန်းခန်းမ၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမှတ်(၃) ရပ်ကွက်ရုံးတွင် ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး အခက်အခဲများ မေးမြန်းကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ယင်းနောက် တောင်ငူခရိုင်အတွင်းရှိ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်များတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ရပ်၊ ကျေး လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**မော်လမြိုင် နိုဝင်ဘာ ၂၉**
မော်လမြိုင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအား ရပ်၊ ကျေး လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်က အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်နွယ်နှင့် အဖွဲ့ဝင် ဦးသန်းဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ



အဖွဲ့ဝင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ရပ်၊ ကျေး လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ၈၄ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းဖွင့်

**ထန်းတပင် နိုဝင်ဘာ ၂၉**
ထန်းတပင်မြို့နယ်၌ မဲရုံမှူး ဒုတိယမဲရုံမှူးသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိမင်္ဂလာခန်းမတွင် နိုဝင်ဘာ ၂၅ ရက်က ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးသက်ဦးဟန်က မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဒုတိယမဲရုံမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မဲပေးစက်လုပ်ငန်းစဉ်များနှင့် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစွမ်းဆောင်ရည်မြင့်သင်တန်းဖွင့်

**မိုင်းဆတ် နိုဝင်ဘာ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၆ ရက်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းလွင်ဦးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်ချက်များကို ကောင်းစွာလေ့လာပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဂရုစိုက်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



## ဘုတ်ပြင်းမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းပို့ချ

**ဘုတ်ပြင်း နိုဝင်ဘာ ၂၉**
ဘုတ်ပြင်းမြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ဘုတ်ပြင်း မြို့တော်ခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က ဘုတ်ပြင်းခရိုင်အတွင်းရှိ သက်ဆိုင်ရာမဲရုံ အသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများသည် လက်တွေ့မြေပြင်တွင် မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ သိရှိနားလည် ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူများအား ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ဆောင်ရန်ရှောင်ရန်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ကဏ္ဍများနှင့် အီလက်ထရောနစ် မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဥတ္တရသီရိ နိုဝင်ဘာ ၂၉**
ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုဝင်ဘာ ၂၆ ရက်က တောင်ညိုကျေးရွာ တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ရာ တောင်ညိုတိုက်နယ် ကျန်းမာရေးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အိုများအား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါ ရှာဖွေကုသပေးခြင်းများနှင့် မကူးစက်တတ်သော ရောဂါများအတွက် လိုအပ်သော ဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

## မိုးကောင်းမြို့၌ ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်

**မိုးညှင်း နိုဝင်ဘာ ၂၉**
ကချင်ပြည်နယ် မိုးကောင်းမြို့၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ လေ့ကျင့်ခန်း သရုပ်ပြသခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က အခြေခံပညာ အထက်တန်းကျောင်း (နောင်ကိုင်တော်)၌ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသီဟဇော်နှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု



ဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်လုကေသီမာက ငလျင်ဘေးသဏ္ဌာန်တူ လေ့ကျင့်ခန်း ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်း အဖွဲ့ဝင်များပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ လေ့ကျင့်ခန်း အစီအစဉ်များကို ကျောင်းသား ကျောင်းသူများနှင့် သရုပ်ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **ရွှေမိုးညှင်း**



အမရပူရမြို့နယ် ဥယျာဉ်ကျေးရွာရှိ Resource Group Logistics Co.,Ltd. ၌ အမရပူရမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မျိုးထက်နှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၂၇ ရက်က ဝန်ထမ်းအင်အား ၅၀ အား မီးဘေးလုံခြုံရေးနှင့် အသိပညာပေးဟောပြော သရုပ်ပြခြင်း ဆောင်ရွက်စဉ်။ စိုးသီဟ(အမရ)

## မချမ်းဘောမြို့နယ်၌ မဲစာရင်းကျန်ရှိမှုမရှိစေရေး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေး

မချမ်းဘော နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ပါဝင်နိုင်ရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးတို့အတွက် ယနေ့နံနက်၁၀ နာရီက မချမ်းဘောမြို့ အမှတ်(၃)ရပ်ကွက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့(၃)မှ အဖွဲ့ခေါင်းဆောင် ဦးဟီးရဲ့ဆဲနှင့်အဖွဲ့ဝင်များ၊ အမှတ်-၃ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်ဒေါင်းဖုန်ရာနှင့် ရပ်ကျေးကော်မရှင်အဖွဲ့ဝင်များ၊ ကြီးကြပ်သူ ဒေါ်နီနီလွင်တို့ ပူးပေါင်း၍ မဲစာရင်းကျန်ရှိမှုမရှိစေရေး တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ယောရွှေနီ(မချမ်းဘော)




## e-government စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေး

ဘားအံ နိုဝင်ဘာ ၂၉

e-government စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အဆိုပါရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် ကရင်ပြည်နယ် e-government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီအောင်က နိုင်ငံတော်အစိုးရအနေဖြင့် e-government လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း e-government IT နည်းပညာများနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ယခုလို တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ e-government နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးနှင့် အားနည်းချက်များ အားသားချက်များအပေါ် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ပြောကြားသည်။



ထို့နောက် နောင်ရိုးကုမ္ပဏီမှ IT Project မန်နေဂျာက e-government IT Project နည်းပညာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အဆင့် e-government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက အားနည်းချက်၊ အားသာချက်များအပေါ် ဖြည့်စွက်ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၉

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ် ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "လူငယ်စွမ်းအားမှသည် ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (နိုဝင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ကျော်နန္ဒအောင်၊ မောင်ခင်ညို (မန်းတက္ကသိုလ်)တို့၏ "လူငယ်စွမ်းအားမှသည် ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ ညီညီဖေ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ သားကျော်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ဝင်းထွဋ်ဦးတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ရဲရင့်နဒီ၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ထက်ဝေအောင် (စစ်ကိုင်း)၏ မသန်စွမ်းသူများဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ပါမောက္ခဦးသိန်းလှိုင်၊ ဒေါက်တာ သိန်းဝင်း၊ ကိုကိုအောင် (အလုပ်သမား) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ရဲထက်ဇော်၊ ဆောင်းဝင်းလတ်၊ ခြယ်မှုန်းသီ၊ စိန်ဝင်းမော်၊ ကြည်လွင်ဦး (ရေနံ)၊ မြသိန်း၊ ခင်မောင်ခြိမ့်၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိ နိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရင်းနက်စ်ကစားသမား မက်ဇ်အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

❖ *ကျောဖုံးမှ*

ရင်းနက်စ် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန်၂၂ မိနစ်တွင် အသင်းခေါင်းဆောင် ရွန်ဂီယာ သွင်းယူပေးခဲ့သည်။ ထို့နောက် မက်ဇ်အသင်းသည် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မက်ဇ်အသင်းသည် ယခုရှုံးပွဲကြောင့် လီဂူးဝမ်း ရှုံးပွဲ ကိုးပွဲအထိ ရှိလာပြီး ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။ ထို့အပြင် မက်ဇ်အသင်းသည် လီဂူးဝမ်း ပွဲစဉ် (၁၄) ကစားပြီးချိန်တွင် ခံစစ်က ပေးဂိုး ၃၁ ဂိုးအထိ ခွင့်ပြုပေးထားရသည့်အတွက် ခံစစ်အဆိုးရွားဆုံးအသင်းဖြစ် ရပ်တည်နေသည်။ ပြိုင်ဘက် ရင်းနက်စ်အသင်းသည် ယခုအနိုင်ပွဲကြောင့် လီဂူးဝမ်းနိုင်ပွဲ ခြောက်ပွဲနှင့်အတူ အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ခဲ့သည်။ လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၇ ရက်တွင် ရင်းနက်စ်အသင်းက အသင်းကြီး ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မက်ဇ်အသင်းက အောက်ဇယ်ရီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

❍ *ကျောဖုံးမှ*

ပြိုင်ပွဲတွင် မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းနှင့် အိုမန် U-17 အမျိုးသားဘောလုံးအသင်းတို့သည် ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ယှဉ်ပြိုင်ကစားခဲ့ရာ ၆၃ မိနစ် စက္ကန့် ၂၀ တွင် မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းမှ အသင်းခေါင်းဆောင် အောင်သီဟ ကျောနံပါတ် ၅ က အဝေးကန်ချက်ဖြင့် ပထမအဖွင့်ဦးဆောင်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ပရိသတ်များ၏ တစ်ခဲနက် အားပေးမှုများကြောင့် မြန်မာအသင်းကစားပုံ ကစားကွက်များ ပိုမိုကောင်းမွန်လာခဲ့ပြီး ၆၆ မိနစ် စက္ကန့် ၄၀ တွင် ညီညီသန့် ကျောနံပါတ် ၁၀ က အနိုင်သေချာစေမည့် ဒုတိယဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။ အိုမန် U-17 အမျိုးသားဘောလုံးအသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းက အိုမန် U-17 အမျိုးသားဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ပထမပိုင်းတွင် ကျောနံပတ် ၃ မြင့်မြတ်ကိုကို၊ ကျောနံပတ် ၄ မျိုးခန့်ကျော်၊ ကျောနံပတ် ၅ အောင်သီဟ၊ ကျောနံပတ် ၇ အန့်ထူးပိုင်၊ ကျောနံပါတ် ၈ လင်းရောင်၊ ကျောနံပါတ် ၁၀ ညီညီသန့်၊ ကျောနံပါတ် ၁၃ မြတ်မင်းသူ၊ ကျောနံပါတ် ၁၅ ဝင်းဇော်၊ ကျောနံပါတ် ၁၆ ချန်လန်တင့်၊ ကျောနံပါတ် ၁၈ ထက်ဝေယံ၊ ကျောနံပါတ် ၁၉ ရဲနိုင်အောင် အားကစားသမား ၁၁ ဦးတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း ၇၉ မိနစ်တွင် ကျောနံပတ် ၈ လင်းရောင်အစား ကျောနံပတ် ၆ ဝင်းမင်းသန့်က လည်းကောင်း၊ ၈၉ မိနစ်တွင် ကျောနံပတ် ၁၀ ညီညီသန့်အစား ကျောနံပတ် ၉ ဒီဝေယံကလည်းကောင်း၊ ဒုတိယပိုင်း မိနစ်၉၀ အပြီး အချိန်ပို ၃ မိနစ်ကစားရာတွင် ကျောနံပတ် ၁၉ ရဲနိုင်အောင်အစား ကျောနံပါတ် ၂၃ ကောင်းခန့်တို့က လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာအသင်းသည် သုံးပွဲကစားရာတွင် သုံးပွဲစလုံးအနိုင်ရရှိခဲ့သည့်အတွက် ရမှတ်ကိုးမှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ရန် နီးစပ်နေပြီး နောက်ဆုံးပွဲတွင် သရေတစ်မှတ်ရရုံဖြင့် ခြေစစ်ပွဲအောင်မြင်နိုင်မည်ဖြစ်သည်။

၂၀၂၅ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။


သတင်းစဉ်

# စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁၁)ရှိ စစ်မှုထမ်းဟောင်း အိမ်ရာ၌ နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်း မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်း မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာ၌ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်မိသားစုများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အင်အားပြင်းမန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော တိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ပြန်လည် ဖြည့်ဆည်းပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဦးစီးမှူး ဒေါက်တာဝင်းဦးက အင်အားပြင်းမန္တလေးငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော လယ်ဝေးမြို့နယ်မှ ပိုင်ရှင်နှစ်ဦး၏ အသားတိုးကြက် ၉၇၉၁ ကောင်၊ ပျဉ်းမနားမြို့နယ်မှ ပိုင်ရှင်တစ်ဦး၏ အသားတိုးကြက် အကောင် ၉၀၀ စုစုပေါင်း အသားတိုး ကြက် ၁၀၆၉၁ ကောင်အား ပိုင်ရှင်များထံသို့ ပြန်လည်ဖြည့်ဆည်းပေးအပ်ခဲ့ပြီး တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်ခဲ့သည့် တိရစ္ဆာန်ပိုင်ရှင် ဒေါက်တာကိုကိုနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**



## အမရပူရမြို့နယ်၌ ရောမင်းမိုးစပါးတစ်ဧက ၁၁၅ ဒသမ ၈၅ တင်း ထွက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာရှိ တောင်သူဦးစိုးနိုင်၏ ကွင်းအမှတ် ၅၇၀ (င)၊ ဦးပိုင်အမှတ် ၆၈/၂ ဂျိုကုန်းကွင်းရှိ ရောမင်း မိုးစပါး စိုက်ဧက ၂ ဒသမ ၄၉ ဧကကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနက ဦးဆောင်၍ မိုးစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုကို၊ အမရပူရခရိုင် စိုက်ပျိုးရေးကြီးကြပ်ကော်မတီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်သည်။ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့်တောင်သူများကို မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဆယ်တင်က ရောမင်း မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယခုရိတ်သိမ်းသော မိုးစပါးစံကွက်တွင် ကောင်းကိုယ်စားပြုတစ်ဧက အစိုတင်း ၁၁၅ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။ **ဇော်ဘီ**



# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေး ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေး လုပ်ငန်းတာဝန်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစား လှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်(ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ) များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာဖော်ပြရေးသားယှဉ်ပြိုင်ကြရမည် ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ခ) လတ်တလောမြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့် အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ (၉)မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ (၁၁) မျက်နှာထက်မနည်း၊ (၁၂) မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅) မျက်နှာထက်မနည်း၊ (၆) မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ခ၊ ဂ၊ဃ)ပါ အကြောင်းအရာများအပေါ် အခြေခံ၍ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1) သို့ လိပ်မူ၍ Soft Copy (၁)ချပ်၊ Hard Copy **(၁)စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန် ဖြစ်ပါသည်။**

ပြိုင်ပွဲတွင် လက်ခံရရှိသောစာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်(၈)သိန်း၊ တတိယဆု ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆု ကျပ်(၅) သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊ ၀၉-၉၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်သို့ ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**
ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် လပွတ္တာမြို့နယ်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည်လပွတ္တာမြို့နယ် ထွန်းတံတားဆိပ်ခံ၌အခြေပြု၍ အဆိုပါမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၆၈ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၆၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့







အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၃ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်



စစ်ဆေး လူနာ ၂၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ဦးဇင်းက လပွတ္တာမြို့နယ် အမှတ် (၇) ရပ်ကွက် သရက်တော ပရိယတ္တိစာသင်တိုက်ကနေလာပြီးတော့ ပြတာဖြစ်ပါတယ်။ ဦးဇင်းလာပြတာက မျက်စိကြည့်လို့ မကောင်းဘူး၊ စာဖတ်လို့ အဆင်မပြေဘူးဒါကြောင့် မျက်စိနဲ့ပတ်သက်ပြီး လာပြတာဖြစ်ပါတယ်။ ဆရာဝန်ကလည်း သေသေချာချာလေး စစ်ဆေးပြီးတော့ လိုအပ်တာလေးတွေလည်း ညွှန်ကြားပေးပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။ မြို့သူ/ မြို့သားတွေ အနေနဲ့ကတော့ ဝမ်းသာနေကြတယ်၊ လာရောက်ကြတဲ့ သူတွေကလည်း အများကြီးပဲ၊ အများပြည်သူတွေကို အခုလိုတကူးတက လာရောက်ကြည့်ရှုပြီးတော့ ကုသပေးတဲ့အတွက် ဆရာဝန်၊ ဆရာမတွေနဲ့ တကွ ဌာနဆိုင်ရာသက်ဆိုင်သူ အားလုံး အားလုံးကျန်းမာချမ်းသာကြပြီးတော့ ဒီထက်မက လည်း ပညာတွေတိုးပွားပြီး တိုင်းပြည်တာဝန်တွေ ထမ်းဆောင်နိုင်ကြပါစေလို့ ဦးဇင်းက ဆုမွန်ကောင်းတောင်းပါတယ်။

၂။ လပွတ္တာမြို့နယ် သုံးမိုင်မြို့ (၃) ရပ်ကွက်ကနေ လာရောက်ဆေးကုသမှုခံယူတာဖြစ်ပါတယ်။ ညာဘက်မျက်စိက ရေတိမ်ဖြစ်နေတယ်လို့ သိရပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တပ်မတော်နယ်လှည့်ဆေးကုသမှုအဖွဲ့လာလို့ လာပြတာပါ။ ဝမ်းလည်းဝမ်းသာပါတယ်။ အခုလိုမျိုးဂရုတစိုက်နဲ့ လာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့ လပွတ္တာမြို့သူမြို့သားတွေကိုယ်စား ကျွန်တော်က ကျေးဇူးလည်း အထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ **သတင်းစဉ်**



# မြို့နယ်အတွင်း စားသုံးမှုဖူလုံစေရေးနှင့် ထုတ်လုပ်မှုပိုမိုတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးခြံများအား ကွင်းဆင်းစစ်ဆေး

**နောင်ချို နိုဝင်ဘာ ၂၉**
ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်းသည် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၂၅ ရက်တွင် နောင်ချိုမြို့နယ်အတွင်းရှိမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နေပြီဖြစ်သော ဥစားကြက်မွေးမြူရေးခြံများသို့ မြို့နယ်အတွင်းကြက်ဥစားသုံးမှု ဖူလုံစေရုံသာမက ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စိုးရှောက်ဟွာ၏ ဥစားကြက် ၅၃၅၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ နမ့်လင်းခံကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကျော်ဦး၏ ဥစားကြက် ၄၂၅၀၀ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံများသို့ မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နေမှု အခြေအနေများ၊ ကြက်ဥထုတ်လုပ်မှု ပိုမိုတိုးတက်ရရှိရေးနှင့် မြို့နယ်အတွင်း စားသုံးမှုဖူလုံစေရုံသာမက အခြားမြို့နယ်များသို့ပါ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကာ အခြေခံစားသုံးကုန်ဖြစ်သော ကြက်ဥကို အများပြည်သူဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေး၊ ကူးစက်ရောဂါများကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့အတွက် လိုအပ်သည်များ မှာကြားခြင်း၊ လုပ်ငန်းဆောင်ရွက်ရမှု အခက်အခဲများအပေါ် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ချမ်းမြသာစည်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၉**
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက အဆိုပါရပ်ကွက် မုခ်ဦးတန်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၀၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရိပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၁၈ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘိုးဘွားရိပ်သာများနှင့် သောက်ရေကန်တို့၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ မဲစာရင်းမှန်ကန်ရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

**ဘီးလင်း နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းကျန်ရှိမှုမရှိစေရေး၊ မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့မှစတင်၍ တာဝန်ရှိသူများက အဖွဲ့များခွဲကာ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းများကို ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေယုအောင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ရပ်ကွက်၊ ကျေးရွာအလိုက် ကြီးကြပ်တာဝန်ခံဌာနဆိုင်ရာများက တိုက်ဆိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ တင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## တံတားဦးမြို့နယ်၌ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**တံတားဦး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများအပေါ် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို တံတားဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ယမန်နေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ကြောင်း သိရသည် ။

အဆိုပါ မဲစာရင်းပါဝင်ရေး လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးကြပြီး ပုံစံ ၃၊ ပုံစံ ၄ ၊ ပုံစံ ၄(က)တို့ဖြင့် တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ပေးကြသည်။

ဒုတိယအကြိမ် မဲစာရင်းများအပေါ် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဝန်းသိုမြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း စာရင်းကောက်ယူတိုက်ဆိုင်စစ်ဆေး



**ဝန်းသို နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း (Door to Door) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ တိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူရာတွင် ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အောင်မျိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများ လိုက်ပါလျက် စစ်ကဲကြီးရပ်ကွက်ရှိ မြမာလာရပ်၊ မြသန္တာရပ်၊ ချွန်းတောင်တန်းရပ်၊ ဆီဆုံကုန်းရပ်တို့အား တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း၍ မဲစာရင်းတွင် ပါဝင်မှု ရှိ/ မရှိ၊ မဲစာရင်းမှန်ကန်မှု ရှိ/မရှိ စာရင်းကောက်ယူ တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်သည့် အချက်အလက်များကို ဒုတိယအကြိမ်မဲစာရင်းကြေညာထားသည့် အချိန်ကာလအတွင်း မဲစာရင်း ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြင်းခြံမြို့၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**မြင်းခြံ နိုဝင်ဘာ ၂၉**

မန္တလေးဒေသကြီး မြင်းခြံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံစေရေးအတွက် ယနေ့နံနက်ပိုင်းက မြင်းခြံမြို့ပေါ်ရပ်ကွက်များသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်းစနစ်ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက မြင်းခြံမြို့ အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇) ရပ်ကွက်များသို့ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

အဆိုပါ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် မဲဆန္ဒရှင်ဦးရေနှင့် ၎င်းအိမ်ရှိ မဲပေးခွင့်ရှိသူဦးရေတို့အား တိုက်ဆိုင်စစ်ဆေးခြင်း၊ ကွင်းဆင်းစိစစ်သည့် အိမ်ထောင်စုတွင် မဲပေးပိုင်ခွင့်ရှိသူဖြစ်ပါလျက် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးကြောင်း စစ်ဆေးတွေ့ရှိပါက မဲစာရင်းတွင် ထည့်သွင်းနိုင်ရေး ပုံစံ (၃) ဖြင့် တောင်းဆိုလျှောက်ထားစေခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်ပါက ပုံစံ (၄) ဖြင့် ကန့်ကွက်စေပြီး ပယ်ဖျက်နိုင်ရေး ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်တစ်ဦး၏ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာ တင်သွင်းနိုင်ရေး ဆောင်ရွက်စေခြင်း စသည်တို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

### ထူးခြားသည့်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း “ကိုတို” (KOTO)သည် အနောက်-အနောက်တောင်ဘက်သို့ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ နာထရန်မြို့ (Nhatrang)၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၁၇၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော အပူပိုင်းမုန်တိုင်း “ကိုတို” သည် ဒီဇင်ဘာ ၂ ရက်တွင် ဗီယက်နမ် နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**


**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲအချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

# ဆိုင်ကလုန်းမုန်တိုင်း လက်ရှိအခြေအနေ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" အခြေအနေ**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၅ဝ မိုင်ခန့်နှင့် သီရိလင်္ကာနိုင်ငံ၊ ထရီကိုမာလီမြို့၏ မြောက်-အနောက်မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။




ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း " ဒစ်ဝါ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" သည် ညနေ ၃နာရီခွဲတွင် မြောက်လတ္တီကျူ ၉ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈ဝ ဒသမ ၇ ဒီဂရီတွင် ရှိပြီး ဗဟိုချက် လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"သည် မြောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူး မြောက်ပိုင်းကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏ အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" ၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်နှင့် ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂ဝ ရက်နှင့် ၂၂ ရက်တို့တွင် ကော့သောင်းမြို့နယ်၊ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉၁ ဒသမ ဝ၆၅ တန်၊ မီးသွေး တန် ၃ ဒသမ ၂ဝဝ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၃၅၃၃ဝ) နှင့် အဆိုပါသစ်များတင်ဆောင်သည့် ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ဝဝဝဝဝ) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၃၅၃၃ဝကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်၊ မင်းလှမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ မကွေးမြို့နယ်နှင့် ချောက်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခြောက်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃ဝဝဝဝဝ) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ဝ ဒသမ ၃၃ဝ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅ဝဝ)ကို သစ်တော ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့အတွင်း၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၆၅ဝဝ)ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ဝ၈၄ဝဝဝ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ၂၆ ရက်တွင် တံတားဦးမြို့နယ် တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ဝဝ၅၃၂ဝဝ)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ဝဝဝဝဝဝဝ) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ဝဝ၅၃၂ဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ၂၆ ရက်တွင် ကျိုက်မရောမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ဝဝဝဝဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်နှင့် ၂၄ ရက်တို့တွင် မြောင်းမြမြို့နယ် အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝဝဝဝဝဝ)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၉၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၁၄၇၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၁၄၇၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုးအား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင် ဖော်ပြထားခြင်း မရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၃၃ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၃၁၅၆၃၁၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV-MCL6 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂ဝဝဝဝဝဝဝ) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁ဝ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝ၁၄၈၂၅ဝဝ)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃ဝဝဝဝဝ) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၃၉၃၈၁၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၂ဝ ရက်၊ ၂၂ရက်၊ ၂၃ရက်၊ ၂၄ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉ဝ၇၇၂၈ဝ၇ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်နှင့် ဆီများ ပေးအပ်

**ဒေးဒရဲ နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များက အကြမ်းဖက်ဖြစ်စဉ်များကြောင့် မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် နေရပ်စွန့်ခွာပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ပေးအပ်သည့် ဆန်နှင့်ဆီများ ပေးအပ်ပွဲကို ယမန်နေ့က ချောင်းဖျားကျေးရွာ မဟာဗောဓိရာရာမ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းမောင်က ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်နှင့် ဆီများပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူ ၆၆ ဦးအား တစ်ဦးလျှင် ဆန်နှင့်ဆီများ လက်ဝယ်အရောက်ပေးအပ်ပြီး အသက် (၁၈)နှစ်နှင့်အထက်ရှိပြည်သူများ ဆန္ဒမဲပေးနိုင်ရေး နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၀၃**
**ကွယ်လွန်သူ ဒေါ်ခင်ဝင်းရီ နှင့် ဦးတင်အုန်းတို့၏**
**ကျန်ရှိသောပစ္စည်းနှင့်စပ်လျဥ်းသည့်အမှု**

ဒေါ်ဖြိုးဖြိုးခိုင် — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ (၄)လမ်း၊ အမှတ်(၅၃၀/က)၊ (၂၀ပေ X ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေအကျယ်ရှိ ဒေါ်ခင်ဝင်းရီအမည်ပေါက် မြေကွက်နှင့် နေအိမ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်ဝင်းရီနှင့် ဦးတင်အုန်းတို့၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်ဖြိုးဖြိုးခိုင်(ကွယ်လွန်သူ ဒေါ်ခင်ဝင်းရီနှင့် ဦးတင်အုန်းတို့၏ တူမတော်စပ်သူ)က အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြော်ငြာ သည်မှာ၊ ၎င်းကွယ်လွန်သူ ဒေါ်ခင်ဝင်းရီနှင့် ဦးတင်အုန်းတို့မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာ လ၁၀ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၆ရက်) နံနက်(၁၀:၀၀)နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ဖြိုးဖြိုးခိုင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ် လိမ့်မည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးလှိုင်ထွန်း)
ဒုတိယခရိုင်တရားသူကြီး(၅)
သင်္ဃန်းကျွန်းခရိုင်တရားရုံး

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွှေကျီးသာ ဘက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းGrade-8 တွင် ပညာသင်ကြားနေသော မသဇင်အေး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး ၇/သဝတ(နိုင်)၀၇၄၇၀၇ ဖြစ်ပါကြောင်း။

**ဦးဆန်းဦး ၇/သဝတ(နိုင်)၀၇၄၇၀၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်သန်းခေါင်စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အရ မောင်အာကာဖြိုးပိုင်၏မိခင်အမည် ဒေါ်ထက်ထက်နီလင်းစိုး ၁၄/ဇလန(နိုင်)၀၉၇၁၀၅ နှင့် ဒေါ်ထက်ထက်နီလင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သစ္စာလမ်း၊ အကွက်အမှတ်(၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ်(၁/ဃ)၊ အမှတ်(၁၀)ဟုခေါ်တွင်သော ဦးလှထွန်းလွင် အမည်ပေါက် မြေကွက်အတွင်းမှ ဧရိယာ(၀.၀၄၃)ဧက၊ အလျားXအနံ(၂၈X၆၈)ပေအကျယ်ရှိ မြေကွက်နှင့် နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ခင်ခင်ထွန်း(၁၂/အလန(နိုင်)၀၂၀၆၃၁) (D/RGN-၀၀၇၂၆၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြတ်မြတ်မွန်(၁၂/လကန(နိုင်)၂၀၄၃၈၆)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်နှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနှင်းထွေး(LL.B) (စဥ်-၂၄၉၆၈)**
**အထက်တန်းရှေ့နေ**
**အမှတ်(F-၅၁) သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ အုပ်ဖိုလ်ကျေးရွာနေ (ဘ) ဦးစိန်အေး၏သမီး မဝါဝါရွှေ ၉/ရမသ(နိုင်)၁၂၂၀၃၃ ၏ မွေးသက္ကရာဇ်မှာ ၁၅-၅-၁၉၈၆ အမှန်ဖြစ်ပါကြောင်း။

**မီးကြွင်းမီးကျန် သတိပြု**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဋ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၁) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၈၉၉၉၉၈) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း (**၈၉၉၉.၉၈၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၆၂၉၉.၉၈၆**) ဖြစ်ပါသည်။ (၈၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၄၆၂**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၆၃၀၀.၄၄၈**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၂) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၆) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၈) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၀) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၆၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၂၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၂-၂၀၂၅) ရက်နေ့ (တနင်္လာနေ့)၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၂၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## ဒေးဒရဲမြို့ မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ

**ဒေးဒရဲ နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့မဈေးကြီးရှေ့၌ ယနေ့နံနက်ပိုင်းက ပြည်သူလူထု ပူးပေါင်းပါဝင်သော မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး လေ့ကျင့်သရုပ်ပြသပွဲ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေးဒရဲမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်နှင်းဖြူ



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/31212 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၇/ဝမန(နိုင်)၀၇၉၈၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/5686 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလင်းမောင် ၇/တငန(နိုင်) ၂၂၄၃၃၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ- ၂၀)**

**ရွှေဘိုခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် -၂၀**

၁။ ဦးဖုန်းကျော် နှင့် ၁။ ဦးခင်သန်း
၂။ ဒေါ်သန်းသန်းဌေး ၂။ ဒေါ်တင်မြင့်
၃။ ဒေါ်တင်လှ

**တရားလိုများ** **တရားပြိုင်များ**

၁။ ဦးခင်သန်း(ဘ)ဦးမောင်သန်း ၂။ ဒေါ်တင်မြင့်(ဘ)ဦးမောင်ရွှင် (အတူနေလင်မယား)ကျောက်မြောင်းမြို့၊ ရွှေဘိုမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုမှ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၄ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရွှေဘိုလမ်း၊ မြေကွက်အမှတ် (၃၇၅)၊ (၄၀x၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)မြေကွက်ဖြစ်သည့် အမှတ်-၃၇၆နှင့် ကပ်လျက်ခြမ်းဖြစ်သည့် အမှတ်(၃၇၅/က)၊ (၂၀x၆၀)ပေရှိ ဦးတင်ရွှေ (KLT-၀၄၆၀၂၇) အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်အမျိုးအစား (မူရင်းခြမ်း) မြေကွက်နှင့်နေအိမ်တို့အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စိုးစိုးခိုင်(၇/ ကပက(နိုင်)၀၇၉၆၁၅)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀) မြေငှားဂရန်မူရင်းဖြင့်လည်းကောင်း၊ (ခြေရင်းခြမ်း)မြေကွက်ဖြစ်သည့် အမှတ်- ၃၇၄နှင့် ကပ်လျက်ခြမ်းဖြစ်သည့်အမှတ်- (၃၇၅/ခ)၊ (၂၀x၆၀) ပေရှိ ဦးတင်ရွှေ အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်(မိတ္တူခြမ်း)မြေကွက်နှင့်နေအိမ်တို့အားဝယ်ယူ ပိုင်ဆိုင်ထားသူများ ဖြစ်သော ဦးအောင်သက်ဟိန်း(၁၂/ဒဂမ(နိုင်)၀၂၅၄၇၉) နှင့်ဒေါ်နှင်းထက်ဝေလှိုင် (၁၂/ဒဂမ(နိုင်)၀၂၅၄၈၀)တို့မှ ၎င်းတို့လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့်လည်းကောင်း အသီးသီးရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင် ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးသိန်းထူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B** **ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** **အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၈၇၇၄၅၈၅၂၉**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/9902 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့၊ အောင်စကြာစက္ခုဒါနဆေးရုံကြီးနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ဆေးရုံသစ်ကြီး ဆောက်လုပ်လျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော ကုသိုလ်ကို ဆရာတော်နှင့်အတူ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

**ဖုန်း-၀၉-၅၁၄၇၃၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ်(၅၄ခ)၊ ဧရိယာ ၀.၀၆၈ ဧကအနက်မှ ဧရိယာ ၀.၀၃၂ ဧကအား ဦးတင်အောင်လွင်ဦး(ဘ)ဦးကိုကိုဦး ၉/တကန(နိုင်)၁၁၅၇၂၉ မှ တပ်ကုန်းမြို့နယ်မြေစာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင် ကြောင်း ကျမ်းကျိန်လွှာ အမှတ်(၁၈၃၆(၂၀၂၅))၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆) လမ်း၊ အမှတ်(၉၇)မြေညီထပ်၊ ဧရိယာ(၁၂ပေ၆လက်မx၄၅ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စောမြင့် (၁၂/လမတ(နိုင်)၀၀၉၈၂၄)မှ မြေပိုင်ရှင်သို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်နှစ်ဦးသဘောတူသဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြုလုပ်မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၁၇၂ )**
**B.A(LAW) LL.B (Advocate), D.B.L, D.M.L, D.I.L, D.A.Psy.**
**WIPO,DL(101),(201),(317) Switzerland (Geneva).**
**အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကံဘဲ့၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ -၅၀၇၁၂၀၆၊ ၀၉ -၈၇၄၇၃၅၆၈၆**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးရာဇာဟိန်း ၇/ကတခ(နိုင်)၁၄၉၀၉၄နှင့် ဒေါ်ဝတ်ရည်မှူး ၇/ထတပ(နိုင်)၁၀၀၂၉၂တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၂၅-၁၁-၂၀၂၅)ရက်တွင် လွတ်လပ်သောကိုယ်ပိုင်ဆန္ဒများအရ အသိသက်သေများရှေ့မှောက်၌"မြန်မာဓလေ့ထုံးတမ်းဥပဒေ”နှင့် အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီး၍ “နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှကွာရှင်း ပြတ်စဲခြင်းကတိစာချုပ်”ကိုလည်း ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးရာဇာဟိန်းနှင့် ဒေါ်ဝတ်ရည်မှူးတို့သည် လွတ်လပ်သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ် သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ကြောင်းနှင့် ရထိုက်ခွင့်ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိခြင်းမရှိတော့ကြောင်းကို အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးရာဇာဟိန်း နှင့် ဒေါ်ဝတ်ရည်မှူး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဗိုလ်ငြိမ်းတိုး[LL.B]**
**အထက်တန်းရှေ့နေ(စဉ်-၅၃၇၇၉)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ဖုန်း-၀၉-၉၇၆၄၆၆၈၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ ဆုံတိုက်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၄/စိန်ပန်း)၊ ဦးပိုင်အမှတ်(၁၇၀)၊ မြေကွက်အမှတ်(၁၇၀)၊ မြေမျိုးနှင့်အတန်း(မြို့မြေ)၊ ပိုင်ဆိုင်ခွင့်(L)၊ မြေဧရိယာ(၀. ၀၅၇)ကေရှိ မြေအား ဦးတင်ဝင်းမောင်-ဒေါ်အေးအေးသန်းအမည်ဖြင့် လူနေထိုင်ရန် မြေငှားဂရန်(သက်တမ်းတိုး)ချထားပေးပါရန် စာချုပ်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျူတောကျေးရွာ၊ ကွင်းအမှတ် (၁၃၉)၊ ကွင်းအမည်-သံတဇာ၊ ဦးပိုင်အမှတ်-၂၆/ဈ၊ ဒေါ်ခင်ခင်ပြုံး အမည်ပေါက်၊ အကျယ်အဝန်း (၁၆၃ x ၂၄၂)ပေ ဧရိယာ (၀. ၈၀)ကေခန့်ရှိ မြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်ခင်ပြုံး(၁၂/ကမတ(နိုင်)၀၁၄၂၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း (အနောက်) (၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph : 09-450020302**

